ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**

၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်၊ သောကြာနေ့။ Friday, 29 September 2023 ၁၁၂၃၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၄/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကို တာဝန်ယူရသည့် နိုင်ငံ၏အမြင့်ဆုံးအဖွဲ့အစည်းဖြစ်

# လုပ်ငန်းများဆောင်ရွက်ရာတွင် စံနမူနာပြလုပ်ဆောင်ကြရန်လိုအပ်မည်ဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူတို့၏ကောင်းကျိုးကို ဖော်ဆောင်၍ ယုံကြည်မှုရရှိအောင် တည်ဆောက်နိုင်ရမည်

**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၄/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့** ဖတ်စရာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်
စာမျက်နှာ » ၉

၂၀၂၃ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အခမ်းအနား ကျင်းပ
စာမျက်နှာ » ၁၁

ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှ ပအိုဝ်းရိုးရာ ပဲပုပ်လုပ်ငန်း
ဆောင်းပါး
စာမျက်နှာ » ၁၇



ကြေးမုံ

# မွန်မြတ်လှစွာအစဉ်အလာ ဂရုဓမ္မစောင့်ထိန်း

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်)နေ့ဖြစ်သည်။ လအလိုအားဖြင့် တော်သလင်းလပြည့်နေ့သည် ဝါဆို၊ ဝါခေါင်၊ တော်သလင်း ဝါတွင်းသုံးလ နောက်ဆုံးလပြည့်ဖြစ်သည်။ ဝါတွင်းသုံးလတွင် ကုသိုလ်ကောင်းမှု၊သူတော်ကောင်းတရားများ အစဉ်ကျင့်ကြံပွားများကြသောကာလ ဖြစ်သည်။ ပါဠိအလိုအားဖြင့် "ဂရု" အလေးအမြတ်ပြုရသော "ဓမ္မ"တရားဖြစ်သည်။ ထို့ကြောင့် ဤတော်သလင်းလပြည့်နေ့တွင် သူတော်ကောင်းတရား ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာကျင့်ကြံအားထုတ်ကြရမည့် အထိမ်းအမှတ်အခါသမယ ဖြစ်သည်။

တိုင်းပြည်အုပ်ချုပ်သည့်ဘုရင်ကိုယ်တိုင် လိုက်နာစောင့်ထိန်းသော ဂရုဓမ္မဆိုသည်မှာ ငါးပါးသီလပင်ဖြစ်သည်။ သူတော်ကောင်းတို့ အရေးတယူဂရုတစိုက် လိုက်နာကျင့်သုံးသောသီလဖြစ်၍ ဂရုဓမ္မသီလဟု ခေါ်တွင်ခြင်းဖြစ်သည်။ ထို့အပြင် မြတ်စွာဘုရားရှင် ပါရမီဖြည့်စဉ် ဘဝဟောင်းတစ်ခု၌ ကုရုတိုင်းသားတို့ စောင့်ထိန်းကြသောသီလဖြစ်သောကြောင့် ကုရုဓမ္မ၊ ဂရုဓမ္မသီလဟုခေါ်တွင်ခြင်းဖြစ်သည်။ ဂရုဓမ္မသီလကို စောင့်ထိန်းရန် ဘုရားလောင်းဓနဉ္စယမင်းကြီး တိုက်တွန်းသည့် မိုးကာလကိုအကြောင်းပြု၍ မိုးကာလ ဝါတွင်းသုံးလအပါအဝင်ဖြစ်သည့် တော်သလင်းလအတွက် ဂရုဓမ္မအခါတော်နေ့ကို သတ်မှတ်ပြီး ယဉ်ကျေးမှုအရ လှေပြိုင်ပွဲများကျင်းပခဲ့သည်။

ဂရုဓမ္မသီလကို ရှေးမြန်မာမင်းများနှင့် တိုင်းသူပြည်သားများ အရေးတယူ ဆောင်ရွက်ခဲ့ကြပုံများမှာ သာဓုလက်ဆုံခေါ်ဆိုစရာများဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၁၄၆ ခုနှစ် ဘိုးတော်မင်းတရားလက်ထက် ကျင်းပခဲ့သော ဂရုဓမ္မအခါသမယ အစီအစဉ်မှာ အထူးပြုဖွယ်ဖြစ်သည်။ ရှေးမြန်မာဘုရင်များ လိုက်နာထုတ်ပြန်မြဲဖြစ်သည့် ဂရုဓမ္မအမိန့်တော်ကို နာခံတော်က ရေးသားမှတ်တမ်းတင်၍ လွှတ်တော်သို့ တင်ပြရသည်။ လွှတ်တော်က အတည်ပြုပြီးနောက် တစ်ဆင့်ပြန်တမ်းထုတ်ပြန်၍ နေပြည်တော်တစ်ခွင် မြို့တွင်းမြို့ပြင်မကျန် အရပ်ရပ်ပြည်သူများသိစေရန်ကြေညာသည်။ ဆိုင်ရာမြို့စား၊ နယ်စားအပေါင်းတို့က မြို့ရွာများသို့ စာချွန်တော်ပို့စေရသည်။

ဂရုဓမ္မအမိန့်တော်ပြန်တမ်းကြီးတွင် "ပြည်သူလူတကာ သတ္တဝါအပေါင်းတို့ ယခုဝါဆိုကာလရောက်ပြီ။ သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်း၊ သူ့အိမ်ရာကို ပြစ်မှားခြင်း၊ မဟုတ်မမှန်သောစကားကိုဆိုခြင်း၊ သေရည်သေရက်ကိုသောက်ခြင်း တရားငါးပါးကို မကြဉ်မရှောင်ပြုကုန်သောသူတို့သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်အပါယ်လေးဘုံ၌ တလူးလာလာနစ်မွန်းကုန်ရာသည်။ တရားငါးပါးကို ကြဉ်ရှောင်၍ အလှူပေးခြင်း၊ သီတင်းသီလဆောက်တည်ခြင်းကို ပြုသောသူတို့သည် လူမင်းနတ်မင်းစည်းစိမ်ကိုခံစားရ၍ နတ်ရွာနိဗ္ဗာန်ချမ်းသာသို့ ရောက်ရာသည်ကို နှလုံးသွင်းလျက် သရဏဂုံသုံးပါး၊ ပဉ္စသီငါးပါး၊ အဋ္ဌသီရှစ်ပါးတို့ကို မပြတ်ဆောက်တည်ကြကုန်"ဟု ထုတ်ပြန်ခဲ့သည်။

ရှေးမြန်မာမင်းအဆက်ဆက် ဂရုဓမ္မသီလအခါတော်ကို အစဉ်အလာမပျက် စောင့်ထိန်းခဲ့ကြပြီး မင်းတုန်းမင်းတရားကြီးလက်ထက်မှသည် သားတော်သီပေါမင်းလက်ထက်အဆုံး ကျင်းပခဲ့သည်ဟုသိရသည်။ မြန်မာမင်းများသည် မြတ်ဗုဒ္ဓဟောကြားသည့် ရာဇအပရိဟာနိယမတရား ခုနစ်ပါးနှင့်အညီ တိုင်းပြည်ကို အုပ်ချုပ်ခဲ့ကြသည်။ မြန်မာလူမျိုးနှင့်ထေရဝါဒဗုဒ္ဓဘာသာသည် ပြည်ထောင်ဖက်ဖြစ်သည်။ တစ်သားတည်းဖြစ်သည်။ ထေရဝါဒဗုဒ္ဓဘာသာနှင့် ဘာသာရေးအခြေခံယဉ်ကျေးမှုသည် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏အသိဉာဏ်လည်းဖြစ်သည်။ ထေရဝါဒဗုဒ္ဓဘာသာကိုအခြေခံ၍ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေတို့ကို တည်ဆောက်ထားခြင်းဖြစ်သည်။ ဗုဒ္ဓဘာသာအခြေခံသည် ဂရုဓမ္မသီလဖြစ်၍ ရှေးမြန်မာမင်းအဆက်ဆက်မှ ယနေ့ထက်တိုင်အောင် အလေးအနက်ပြုနေကြဆဲဖြစ်သည်။ ဂရုဓမ္မသီလ ဆောက်တည်ခြင်း၊ ပျက်ယွင်းခြင်းအကျိုးအပြစ်များကို နောင်တမလွန်မဆိုင်း မျက်မှောက်ကြုံတွေ့နိုင်သည်။

ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဂရုဓမ္မသီလကို အကြောင်းခံသည့် ကုသိုလ်ကောင်းမှုများ မစဲဘဲ ပွားများနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ အကောင်းအဆိုးနှစ်တန်ရောထွေးနေသည့်သဘာဝ၊ ဆုတ်ကပ်ကာလတွင် ဂရုဓမ္မသီလပါးလျားလာသည်ကိုလည်းတွေ့ရသည်။ အကျိုးဆက်အနေဖြင့် မျက်မှောက်ကမ္ဘာတွင် ကပ်ကြီးသုံးပါး ဆိုက်ရောက်နေသည့်အလား လက္ခဏာများတွေ့မြင်နေရသည်။ နည်းပညာနှင့်တိုးတက်ဖြစ်ထွန်းမှုများ၏ နောက်ဆက်တွဲရလဒ်များတွင် ထေရဝါဒဗုဒ္ဓသာသနာအနှစ်သာရများ လျော့နည်းလာခြင်းဖြစ်သည်။ ဘာသာသာသနာ ယဉ်ကျေးမှုယိုယွင်းခြင်းကြောင့် နိုင်ငံနှင့် လူမျိုးအပေါ် ကျရောက်လာမည့်အန္တရာယ်များကို ကာကွယ်နိုင်ရန်အတွက်ဆိုလျှင် ဂရုဓမ္မသီလကို စောင့်ထိန်းကြရန်လိုအပ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏အသက်ဖြစ်သည့် ထေရဝါဒဗုဒ္ဓသာသနာသန့်ရှင်းတည်တံ့ထွန်းကားရေးနှင့် ဘာသာရေးအခြေခံယဉ်ကျေးမှုများ အားကောင်းနေစေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်၍ ရှေးအစဉ်အလာမပျက် ထွန်းကားနေသော ဘာသာရေးယဉ်ကျေးမှုများ ထွန်းကားပြန့်ပွားအောင် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။

# အပြည်ပြည်ဆိုင်ရာ သက်ကြီးသူများနေ့

INTERNATIONAL DAY OF OLDER PERSONS

" သက်ကြီးသူများဘဝ သာယာဖို့ သက်ရှယ်စုံညီပါဝင်လို့ ဝိုင်းဝန်းဖြည့်ဆည်းကြပါစို့ "

" Fulfilling the Promises of the Universal Declaration of Human Rights for Older Persons: Across Generations "

၁.၁၀.၂၀၂၃ နေပြည်တော်

## နယ်စပ်ရေးရာဝန်ကြီးဌာနက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများ ဆက်ကပ်လှူဒါန်း



နေပြည်တော် စက်တင်ဘာ ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နန်းယွန်းမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေလင်းအောင်နှင့် ဝန်ထမ်းများသည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြုဇဟိုကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

နေပြည်တော် စက်တင်ဘာ ၂၈။ ။ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် တိမ်ထူထပ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။ **မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၈ - ၉ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၁၀ | ၈၉,၀၀၀ |
| MTSH | ၃,၀၅၀ | ၃,၀၅၀ | ၃,၅၁၃ | ၁၀,၆၆၄,၆၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၆၅၀ | ၂၂ | ၃၆,၉၅၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၉ | ၂၁,၆၀၀ |
| EFR | ၂,၂၅၀ | ၂,၂၀၀ | ၂၂၀ | ၄၈၄,၅၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁ | ၄,၉၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၅,၃၂၂ | ၉,၃၀၃,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မိမိတို့နိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းမှုရှိပြီး မျှော်မှန်းချက်များ၊ ဦးတည်ချက်များကို မှန်မှန်ကန်ကန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက နှစ်အနည်းငယ်အတွင်း ဒေသတွင်း နိုင်ငံများအကြား၌ အလယ်အလတ်အဆင့်၌ ရပ်တည်နိုင်မည်

☆ ရှေ့ဖုံးမှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုတာဝန်ယူရသည့် နိုင်ငံ၏ အမြင့်ဆုံး အဖွဲ့အစည်းဖြစ်**ကြောင်း၊ ထို့ကြောင့် **လုပ်ငန်းများ ဆောင်ရွက်ရာတွင် စံနမူနာပြလုပ်ဆောင်ကြရန် လိုအပ်မည်ဖြစ်ပြီး နိုင်ငံတော်နှင့် ပြည်သူတို့၏ ကောင်းကျိုးကိုဖော်ဆောင်၍ ယုံကြည်မှုရရှိအောင် တည်ဆောက်နိုင်ရမည်ဖြစ်**ကြောင်း၊ အစိုးရတစ်ရပ် အနေဖြင့် နိုင်ငံတော်ကို ဘက်ပေါင်းစုံမှဖွံ့ဖြိုး တိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်ရာ တွင် ရည်မှန်းချက်များ၊ ဦးတည်ချက်များချမှတ်၍ ဆောင်ရွက်ရကြောင်း၊ မိမိတို့အနေဖြင့်လည်း **တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံ ရေးကို အမျိုးသားရေးလုပ်ငန်းစဉ် ၂ ရပ်အဖြစ် ချမှတ် ဆောင်ရွက်လျက်ရှိသကဲ့သို့ စစ်မှန်စည်းကမ်းပြည့်ဝ သည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို နိုင်ငံရေးလုပ်ငန်း စဉ် ၂ ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**ကြောင်း၊ နိုင်ငံတော်ကို ယခု အစိုးရလက်ထက်သာမက နောင်အနာဂတ်ကာလ အထိ တည်ဆောက်လုပ်ဆောင်ရမည့် အချက်များဖြစ် ကြောင်း၊ ယင်းကိုအကောင်အထည်ဖော်ရန် မိမိတို့ အစိုးရလက်ထက်၌ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည် ချက်(၉)ရပ်ကို ချမှတ်ထားကြောင်း၊ ယင်းအချက်များ ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ က မျက်ခြည်မပြတ် ထိန်းသိမ်းအကောင်အထည်ဖော် ရန်လိုကြောင်း။

**ဦးတည်ချက်များ၊ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ထိန်းသိမ်းကြပ်မတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်တာဝန်ယူဆောင်ရွက် ခဲ့ပြီး ပထမဦးဆုံးအကြိမ်ပြုလုပ်သည့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအစည်းအဝေး၌ မိမိတို့နိုင်ငံ သည် ဖွံ့ဖြိုးတိုးတက်မှုအားနည်းလျက်ရှိသည်ကို မိမိအနေဖြင့်ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ တွင် မြေပေါ်မြေအောက်သယံဇာတများ၊ သဘာဝရင်း မြစ်များ၊ လူသားအရင်းအမြစ်များ များစွာပိုင်ဆိုင်ထား ရှိပြီးဖြစ်သော်လည်း ထိရောက်အကျိုးရှိစွာ အသုံးချ နိုင်မှုမရှိခြင်းကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေခဲ့ ခြင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ **မိမိတို့ နိုင်ငံအနေဖြင့် တည်ငြိမ်အေးချမ်းမှုရှိပြီး မျှော်မှန်း ချက်များ၊ ဦးတည်ချက်များကို မှန်မှန်ကန်ကန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက နှစ်အနည်းငယ်အတွင်း ဒေသတွင်း နိုင်ငံများအကြား၌ အလယ်အလတ်အဆင့်၌ ရပ်တည်နိုင်မည်ဖြစ်**ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ကို တာဝန်ပေးအပ်ရာတွင် ယခင်ကနိုင်ငံတော်၏ တာဝန်ထမ်းဆောင်ခဲ့မှု၊ လုပ်ငန်းတာဝန်လုပ်ဆောင်မှု နှင့် ဖြတ်သန်းခဲ့မှုများကိုကြည့်၍ တပ်မတော်ပိုင်း ဆိုင်ရာ အရာရှိကြီးများ၊ နယ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များ ကို ယုံကြည်မှုဖြင့် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။

**တာဝန်ယူထားရသည့် ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စီဝင်များအနေ ဖြင့် သက်ဆိုင်ရာဒေသအလိုက် ဒေသဖွံ့ဖြိုးရေး သွားရောက်ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ပြောကြားရာတွင် **"ဒီလိုသွားခြင်းအားဖြင့် တစ်အချက် ကျွန်တော်လည်း ဒေသရဲ့အခြေအနေမှန်ကို သိချင်** တယ်။ ပြည်သူလူထုရဲ့ သဘောထားအမှန်ကို သိချင် တယ်။ စိတ်နေစိတ်ထား လိုအပ်ချက်ကို သိချင်တယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့လည်း တာဝန်ခွဲဝေ ပေးပြီးတော့မှသွားကြပါလို့ ပြောခဲ့ခြင်းဖြစ်ပါတယ်။ သွားတဲ့အတွက်ကြောင့်လည်း အခြေအနေကို အရင် ထက်စာရင် ပိုပြီးတော့ သိလာရတာပေ့ါ။ ဥပမာအား ဖြင့် ပညာရေးအခြေအနေတွေ၊ ဒေသရဲ့ ကျန်းမာရေး အခြေအနေတွေ၊ လိုအပ်ချက်တွေ၊ နောက်စီးပွားရေး အရ၊ ဒေသဖွံ့ဖြိုးရေးအရ လုပ်ရမယ့်ကိစ္စရပ်တွေမှာ လိုအပ်ချက်တွေ၊ တစ်ဦးချင်းပြည်သူအားလုံးကနေ ပြီးတော့ မလွဲမသွေလုပ်နေကြတဲ့ စီးပွားရေးလုပ်ငန်း တွေ၊ ကုန်ထုတ်လုပ်ငန်းတွေ၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနဲ့ပတ်သက်တဲ့ လိုအပ်ချက်တွေ၊ ကျွန်တော်တို့ ဒါတွေအဓိကတွေ့လာတဲ့ အခါကျ တော့၊ အဲဒီမှာ ကျွန်တော်တို့ ဘာလုပ်ဖို့သင့်သလဲဆို တာ ဆုံးဖြတ်လို့၊ စဉ်းစားလို့ရတာပေ့ါ။ ဒီလိုသွားပြီး ဆောင်ရွက်နိုင်တဲ့ အတွက်ကြောင့်လည်း စောစောက ပြောတဲ့ မျှော်မှန်းချက် ၂ ရပ်ကိုလည်း များစွာ အထောက်အကူဖြစ်လာမှာ ဖြစ်ပါတယ်။ တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အထောက်အကူဖြစ်လာနိုင်တယ်။ စောစောကပြော တဲ့ မျှော်မှန်းချက်နှစ်ရပ်ထဲက နိုင်ငံရေးမျှော်မှန်းချက် ထဲမှာ ပါတီစုံလမ်းကြောင်းကိုသွားနိုင်ဖို့အတွက် သူတို့ရဲ့ Concept ကိုသိလာလို့ရှိရင် ကျွန်တော်တို့ ဘယ်လိုဖြည့်ဆည်းပြီး ဆောင်ရွက်ပေးမယ်၊ ကျွန်တော်တို့အပေါ် ယုံကြည်မှုရှိလာတဲ့အတွက် ကြောင့် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် လာနိုင်မယ်ဆိုတဲ့ အထောက်အပံ့ရလာမယ်။ ဒီလိုပဲ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ နိုင်ငံရေး စနစ်ကို သွားတဲ့အချိန်မှာလည်း သူတို့ရဲ့ပြောဆိုချက် တွေ၊ လိုလားချက်တွေကိုဆောင်ရွက်ပေးခြင်းအားဖြင့် ဒီအပေါ်မှာ ယုံယုံကြည်ကြည်နဲ့ ဆောင်ရွက်နိုင်မယ်ဆို လို့ရှိရင် အထောက်အကူရလာမယ်၊ အလားတူစွာပဲ တိုင်းပြည်သာယာဝပြောရေး၊ ခုနကပြောတဲ့ စီးပွား ရေးလုပ်ငန်းတွေကို သေချာဆောင်ရွက်နိုင်မယ်၊ ပညာသင်ကြားရေးကို ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် သူတို့ရဲ့ဘဝအပေါ်မှာ ကျေနပ်မှုရှိတဲ့အတွက်ကြောင့် သူတို့အားလုံးကနေ တူညီတဲ့စိတ် သဘောထားနဲ့ တိုင်းပြည်တိုးတက်ရာ၊ တိုးတက်ကြောင်း ဝိုင်းလုပ် ကြမယ်ဆိုရင် တိုင်းပြည်သာယာဝပြောဖို့ ဖြစ်လာမှာ ပဲဖြစ်ပါတယ်။ အလုပ်ကို များများလုပ်နိုင်မယ် ဆိုရင်တော့၊ စောစောက ကျွန်တော်ပထမဦးဆုံး ပြောခဲ့တဲ့ တိုင်းပြည်မှာ မြေပေါ်မြေအောက် သယံဇာတပစ္စည်းတွေရှိတယ်၊ လူလည်းရှိတယ်၊ မြေလည်းရှိတယ်၊ ဒါပေမယ့် ကျွန်တော်တို့ ထိုက်သင့် သလောက် မတိုးတက်ဘူး၊ ဒါကိုသာကျွန်တော်တို့ ကျော်လွှားနိုင်မယ်ဆိုလို့ရှိရင် တိုင်းပြည်စားရေရိက္ခာ ပေါများရေးဟာ အလျှံပယ်ဖြစ်လာမှာ။ အလျှံပယ် ဖြစ်လာရင်ပထမအချက်ဖြစ်တဲ့ သာယာဝပြောရေးမှာ လည်း သွားပြီးတော့ အထောက်အကူရမှာဖြစ်ပါ တယ်။ ဒါတွေဟာ ဆက်စပ်နေပါတယ်၊ အဲဒီတော့ နစကအဖွဲ့ဝင်များ အခုလိုသွားနိုင်ခဲ့တဲ့၊ ရတဲ့အကျိုး ကတော့ တန်ဖိုးမဖြတ်နိုင်ဘူးလို့ ကျွန်တော်တော့ ပြောလိုပါတယ်။ တန်ဖိုးမဖြတ်နိုင်ဘူး။ ပေတံနဲ့ တိုင်းလို့မရဘူး၊ ဘာလို့လဲဆို သူတို့မြင်တွေ့လာခဲ့တာ က တစ်ခုလည်းမဟုတ်ဘူး၊ နှစ်ခုလည်း မဟုတ်ဘူး။ ပြောရမယ်ဆို အပြန်ပြန်အလှန်လှန်ဖြစ်နေတယ်၊ ဒါ့ကြောင့် အဲဒါကိုလည်း ကျွန်တော်တို့ ကောင်စီအနေ နဲ့လည်း မျက်ခြည်မပြတ်ကြည့်ပြီး ဆောင်ရွက်ဖို့ လိုသလို တိုးတက်မှုရှိအောင်လည်း ဆောင်ရွက်ဖို့ လိုပါတယ်။ ကျန်တဲ့ကောင်စီဝင်များလည်း ကျွန်တော်တို့ ဒေသတွေခွဲပေးထားတာရှိပါတယ်။ ဆက်လက်သွားပြီးတော့ တတ်နိုင်သလောက် ဆောင်ရွက်ပေးသွားဖို့ လိုမယ်လို့ပြောလိုပါတယ်။" ဟုပြောကြားသည်။

**☆ ဒေသအလိုက်လိုအပ်ချက်၊ တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ၊ သက်ဆိုင်ရာ ဒေသအလိုက် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ရှိခြင်းကြောင့် ဒေသတွင်း ရေအားလျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေးနှင့် အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်လို**

ယင်းနောက် ကောင်စီဝင်များက သက်ဆိုင်ရာ ဒေသအလိုက် သွားရောက်ခဲ့မှုနှင့် ဒေသအလိုက် လိုအပ်လျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွား ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက် များသိရှိခဲ့ရမှုအခြေအနေများ၊ ပြည်သူများအနေဖြင့် ငြိမ်းချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်ဆောင်ရွက်လို သည့် စိတ်ဆန္ဒများရှိသည့် အခြေအနေများ၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး အတွက် ဆောင်ရွက်လျက်ရှိသော်လည်း တိုင်းရင်း သားဒေသများ၌ ပြည်ပအဖွဲ့အစည်းတချို့က ပြည်တွင်းငြိမ်းချမ်းမှုမရှိစေရေး သွေးထိုးလှုံ့ဆော် လုပ်ဆောင်လျက်ရှိသော်လည်း ပြည်တွင်းငြိမ်းချမ်း ရေးအတွက် အလားအလာကောင်းများရှိသည့် အခြေအနေများ၊ ဒေသအလိုက် ထုတ်ကုန်များနှင့် ပတ်သက်၍ အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင် ရန်အတွက် နည်းပညာနှင့် အခြေခံအဆောက်အဦများ လိုအပ်ချက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက လက်ရှိနိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် အကြမ်းဖက်နှိမ်နင်းမှုလုပ်ငန်းများ ဆောင်ရွက်လျက် ရှိမှုနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင် ရွက်လျက်ရှိမှုအခြေအနေများ၊ အကြမ်းဖက်သမား များထံမှ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိမှုအခြေ အနေများ၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ တရားမဝင် ကုန်သွယ်မှုများ ဆောင်ရွက်နေမှုများကို ဖော်ထုတ်ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ဆီဈေးနှုန်းများနှင့် ကုန်ဈေးနှုန်းများ ကို သတ်မှတ်ဈေးနှုန်းများထက် အလွန်အကျွံမြင့် တင်ရောင်းချနေသူများနှင့် ပါဝင်ပတ်သက်လျက်ရှိ သည့် ဌာနဆိုင်ရာတာဝန်ရှိသူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည့် အခြေ အနေများ၊ ကောင်စီအတွင်းရေးမှူးက ကောင်စီ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ဒေသအလိုက် တင်ပြချက်များအပေါ် ညှိနှိုင်း ဖြေရှင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသအလိုက်လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ နှင့်ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိသကဲ့သို့ ပြည်ထောင်စုအဆင့်မှ ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များရှိကြောင်း၊ ယင်းတို့ ကို အဆင့်အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း၊ ဒေသအလိုက်လိုအပ်ချက်၊ တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ ကြောင်း၊ သက်ဆိုင်ရာ ဒေသအလိုက် တန်ဖိုးမြင့်ထုတ် ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ရှိခြင်းကြောင့် ဒေသတွင်းရေအားလျှပ်စစ် ဓာတ်အားများထုတ်လုပ်နိုင်ရေးနှင့် အခြေခံ အဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် မိမိတို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ အနှိုင်းမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ် ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ခြင်းသည် နိုင်ငံအတွက်အကျည်းတန်သည့် ကိစ္စရပ်တစ်ခုဖြစ်ခဲ့ ကြောင်း၊ ယင်းကိုသင်ခန်းစာယူရမည်ဖြစ်ပြီး ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများစာရင်း မှန်ကန်မှုရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ မဲဆန္ဒ ရှင်စာရင်းများ အောင်မြင်စွာ ကောက်ယူနိုင်ရေး အတွက် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူ ရန်လိုကြောင်း၊ စာမျက်နှာ ၄ သို့ ☆

**☆ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးပင်ဖြစ်**

**☆ မဲဆန္ဒရှင်စာရင်းများ အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရန်လို**

**☆ သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် မဲစာရင်းမှန်ကန်မှုအတွက်သာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အချက်အလက်များကိုလည်းရရှိမည်၊ လာမည့် အောက်တိုဘာ ၁ ရက်မှစ၍ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူ သွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်**

☆ စာမျက်နှာ ၃ မှ
မိမိတို့နိုင်ငံတွင် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခဲ့ကြောင်း၊ နိုင်ငံတကာ စံချိန်စံနှုန်းများအရ ၁၀ နှစ်လျှင်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူလေ့ရှိကြောင်း၊ ထိုသို့ သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် မဲစာရင်းမှန်ကန်မှုအတွက်သာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်အချက်အလက်များကိုလည်း ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လာမည့် အောက်တိုဘာ ၁ ရက်မှစ၍ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူသွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဖက်ဒရယ်စနစ်ကျင့်သုံးခြင်းနှင့်ပတ်သက်၍ လူမျိုးကိုအခြေခံသည့် ဖက်ဒရယ်ကို ဆောင်ရွက်ခြင်းမဟုတ်ဘဲဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း ဖက်ဒရယ်စနစ်ကိုကျင့်သုံးလျက်ရှိသည့် နိုင်ငံများရှိသော်လည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကျင့်သုံးမှုခြင်းတူညီမှုမရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံ၏အခြေအနေနှင့်လိုက်လျောညီထွေရှိသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အသက်ပေါင်းများစွာ ပေးဆပ်ပြီးမှသာ လွတ်လပ်ရေးရရှိခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းပြည်၏ ပကတိအခြေအနေကို တိုင်းရင်းသားပြည်သူများအားလုံး မှန်မှန်ကန်ကန် သိရှိရန်လိုပြီး ဒေသတစ်ခုချင်း၊ လူမျိုးတစ်မျိုးချင်း အကျိုးထက် တိုင်းပြည်၏ အကျိုးကိုရှေးရှု၍ ဆောင်ရွက်ကြစေလိုကြောင်း၊ စစ်မှန်သည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

☆ **လာမယ့် အောက်တိုဘာလ ၁၅ ရက်နေ့ဟာ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုခြင်း၊ NCA လက်မှတ်ရေးထိုးတဲ့ (၈) နှစ်မြောက်နေ့ဖြစ်ပါတယ်။ ဒါကိုနိုင်ငံရေးအနှစ်သာရ ရှိရှိလုပ်ဖို့ရှိပါတယ်။ တိုင်းရင်းသားခေါင်းဆောင်တွေလည်း လက်လှမ်းမီသလောက် အကုန်ဖိတ်ပါတယ်။ ပြည်ပနိုင်ငံတွေလည်းအခုဖိတ်နေပါပြီ**

☆ **အထူးသဖြင့် လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေ အကုန်တက်နိုင်ဖို့လိုပါတယ်။ လက်မှတ်မထိုးထားတဲ့အဖွဲ့တွေကလည်း ငြိမ်းချမ်းရေးကို လိုချင်တယ်ဆိုလို့ရှိရင် ဒီအခမ်းအနားကို လာတက်ခြင်းအားဖြင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းလို့ရအောင် လမ်းခင်းဖို့လိုပါတယ်။ အမုန်းတရားတွေဖြစ်နေပြီးတော့ လုပ်နေမယ်ဆိုရင်တော့ တိုင်းပြည်နစ်နာဖို့ပဲရှိတယ်။ ကျွန်တော်တို့ကတော့ Moving Forward ပဲ၊ ရှေ့ကိုသွားမှာပဲ။ ရသလောက် ကျွန်တော်လုပ်သွားမှာပဲ။ ရအောင်လုပ်သွားမယ်။ အဲ့ဒီတော့ ဒီအပေါ်မှာ ကျွန်တော်တို့အားလုံး သံသယရှင်းရှင်း၊ အာဃာတကင်းကင်းနဲ့ လုပ်ကြမယ်ဆိုရင်တော့ ကျွန်တော်တို့ မျှော်မှန်းချက်လမ်းကြောင်းကတော့ ချောချောမွေ့မွေ့ရောက်မယ်ဆိုတာကို တွေ့ပါတယ်။ ဒါလေးတွေဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ဖို့အတွက်တိုက်တွန်းလိုပါတယ်**

ထို့နောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်း (၈) နှစ်မြောက် နှစ်ပတ်လည်နေ့အား အနှစ်သာရရှိစွာဖြင့် ကျင်းပပြုလုပ်ရန်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ပြောကြားရာတွင် "လာမယ့် အောက်တိုဘာလ ၁၅ ရက်နေ့ဟာ ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆိုခြင်း၊ NCA လက်မှတ်ရေးထိုးတဲ့ (၈) နှစ်မြောက်နေ့ဖြစ်ပါတယ်။ ဒါကိုနိုင်ငံရေး အနှစ်သာရရှိရှိလုပ်ဖို့ရှိပါတယ်။ တိုင်းရင်းသားခေါင်းဆောင်တွေလည်း လက်လှမ်းမီသလောက် အကုန်ဖိတ်ပါတယ်။ ပြည်ပနိုင်ငံတွေလည်း အခုဖိတ်နေပါပြီ။ ကျွန်တော် Personal အကုန်စာတွေရေးပြီး ဖိတ်ပါတယ်။ တချို့ကလည်း တယ်လီဖုန်းနဲ့၊ တချို့ကလည်း စာနဲ့ရေးပြီးဖိတ်တာတွေရှိတယ်။ တချို့ လာနိုင်တယ်လို့လည်းပြောတာရှိတယ်။ တချို့ကတော့ သူလည်းမလာနိုင်ဘူး၊ သို့သော်လည်း အဓိကကျတဲ့ သူတို့ကိုယ်စားလှယ်တွေ လွှတ်ပေးမယ်လို့ ပြောတာတွေရှိပါတယ်။ ပြည်ပနိုင်ငံတွေက ဒီလိုသဘောထားရှိလို့ရှိရင် ကျွန်တော်တို့ တိုင်းရင်းသား ခေါင်းဆောင်တွေ ပိုပြီးလိုလားတဲ့စိတ်ရှိဖို့လိုတာပေါ့။ အထူးသဖြင့် လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေ အကုန်တက်နိုင်ဖို့လိုပါတယ်။ လက်မှတ်မထိုးထားတဲ့အဖွဲ့တွေကလည်း ငြိမ်းချမ်းရေးကို လိုချင်တယ်ဆိုလို့ရှိရင် ဒီအခမ်းအနားကို လာတက်ခြင်းအားဖြင့် ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းလို့ရအောင် လမ်းခင်းဖို့လိုပါတယ်။ အမုန်းတရားတွေဖြစ်နေပြီးတော့ လုပ်နေမယ်ဆိုရင်တော့ တိုင်းပြည်နစ်နာဖို့ပဲရှိတယ်။ ကျွန်တော်တို့ကတော့ **Moving Forward** ပဲ၊ ရှေ့ကိုသွားမှာပဲ။ ရသလောက် ကျွန်တော်လုပ်သွားမှာပဲ။ ရအောင် လုပ်သွားမယ်။ အဲ့ဒီတော့ ဒီအပေါ်မှာ ကျွန်တော်တို့အားလုံး သံသယရှင်းရှင်း၊ အာဃာတကင်းကင်းနဲ့ လုပ်ကြမယ်ဆိုရင်တော့ ကျွန်တော်တို့ မျှော်မှန်းချက်လမ်းကြောင်းကတော့ ချောချောမွေ့မွေ့ ရောက်မယ်ဆိုတာကို တွေ့ပါတယ်။ ဒါလေးတွေ ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ဖို့အတွက် တိုက်တွန်းလိုပါတယ်။" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုစုပေါင်းသွေးလှူဒါန်းပွဲအား ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၂၈**

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့်(၅၉) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နေပြည်တော်(ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးနှင့် ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)တို့၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

ဂုဏ်ပြုသွေး လှူဒါန်းခြင်းများအား ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံတို့၌ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့်တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းစုစုပေါင်း ၂၄၈ ဦးတို့က တစ်ချိန်တည်း ဂုဏ်ပြုသွေးလှူဒါန်းခဲ့ကြသည်။



အဆိုပါ ဂုဏ်ပြုသွေးလှူဒါန်းခဲ့ကြသည့် သွေးလှူရှင်တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များ၊ ရဲအရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်(ခုတင်-၁၀၀၀)ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ရဲမြင့်နှင့် တာဝန်ရှိသူများ၊ ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစကားပြောကြားကာ သွေးလှူရှင်များအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့တွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း ၂၄၈ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး စက်တင်ဘာလ ၂၉ ရက်တွင်လည်း နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင် ၁၇၃ ဦးတို့က ဆက်လက်သွေးလှူဒါန်းကြမည်ဖြစ်ရာ စုစုပေါင်းသွေးလှူဒါန်းမှု ၄၂၁ ဦး ရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**မြဝတီ စက်တင်ဘာ ၂၈**

(၅၉)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၉ နာရီက ကရင်ပြည်နယ် မြဝတီခရိုင်ပြည်သူ့ဆေးရုံကြီးတွင် မြဝတီ ခရိုင်ရဲတပ်ဖွဲ့မှူးကြီးမှူး၍ ခရိုင်နှင့်မြို့နယ်အဆင့် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်ကြောင်း သိရသည်။

**လှူဒါန်းပေးအပ်**

စုပေါင်းသွေးလှူဒါန်းပွဲကို မြဝတီခရိုင် ခေတ္တခရိုင်ရဲမှူး အောင်မျိုးလွင်၏ ဦးဆောင်မှုဖြင့် ခရိုင်လုံခြုံရေးတပ်ခွဲမှူးရဲမှူးခင်မောင်ကြည်၊ မြို့နယ်ရဲမှူး အောင်နိုင်ဦး၊ အမှတ်(၃၂)မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးရဲတပ်ဖွဲ့စုမှရဲမှူးရဲနိုင်၊ သတင်းရဲတပ်ဖွဲ့စုမှ ရဲမှူးမြင့်နိုင်၊ မြို့မစခန်းမှ ဒုရဲမှူးညီညီလွင်၊ မှုခင်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူး လှဝင်း၊ အမှတ်(၇၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ဒုရဲမှူး အောင်လင်းဌေး၊ လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ဒုရဲမှူး သက်ဇော်ထွန်း၊ တံတား(၂)မှ ရဲအုပ်ရန်နောင်စိုးနှင့် ကမ္ဘာလှည့် ရဲတပ်ဖွဲ့စုဝင်များတက်ရောက်ခဲ့ကြပြီး သွေးလှူဒါန်းသူ ရဲတပ်ဖွဲ့ဝင် ၁၉ ဦးနှင့် ၎င်းတို့၏မိသားစုဝင်သုံးဦး စုစုပေါင်း ၂၂ ဦးတို့အား ကြည့်ရှုအားပေးစကားပြောကြားကာ အာဟာရပြည့် ကြက်ဥ၊ ပဲနို့နှင့် အချိုရည်များ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကမ္ဘာလုံးဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်သို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ






**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ စက်တင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်(Global Sustainable Transport Forum)သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရည်ရွယ်ကျင်းပ**

ပထမအကြိမ် ကမ္ဘာလုံးဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၆၊ ၂၇ ရက်တွင် တာ့ခ်မင်နစ္စတန်နိုင်ငံ အက်ရှ်ဂါဘက်မြို့၌ လည်းကောင်း၊ ဒုတိယအကြိမ်ဖိုရမ်ကို ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၄၊ ၁၆ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ လည်းကောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးက ကြီးမှူး၍ ကျင်းပခဲ့သည်။ ယခုတတိယအကြိမ်ဖိုရမ်ကို ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေးအထောက်အကူပြုနိုင်ရန် အပြန်အလှန်ချိတ်ဆက်မှု မြှင့်တင်ရေး၊ ဘုံဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာသစ်များ အသုံးပြုရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးဆိုင်ရာ ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဦးဆောင်ကျင်းပခြင်းဖြစ်သည်။

ဖိုရမ်နှင့်အတူ ကျင်းပသည့် မျက်နှာစုံညီ အစည်းအဝေး၊ ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲ၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများနှင့် ဆက်စပ်ဆွေးနွေးပွဲများသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အတူ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ကမ္ဘာလုံးဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းက China National Convention Center(CNCC)၌ ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. He Lifeng တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် ဖိုရမ်ဖွင့်ပွဲအခမ်းအနားအပြီး ကျင်းပသော မျက်နှာစုံညီ အစည်းအဝေးတွင် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ဝန်ကြီးများနှင့်အတူ တက်ရောက် အမှာစကား ပြောကြားရာ ပြည်ထောင်စုဝန်ကြီးက ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိသည့် ပို့ဆောင်ရေးကဏ္ဍသည် နိုင်ငံတိုင်း၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဓိကဆက်စပ်နေမှု၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သယ်ယူပို့ဆောင်ရေး အခြေခံ အဆောက်အအုံနှင့် သင့်လျော် ကောင်းမွန်သည့် ဝန်ဆောင်မှု လိုအပ်ချက်များကြောင့် ယာဉ်ကြောပိတ်ဆို့မှု၊ စွမ်းအင်ပြုန်းတီးမှု၊ ကာဗွန်များပြားစွာ ထုတ်လွှတ်မှု စသည့် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရမှု၊ ယာဉ်အန္တရာယ်/လမ်းအန္တရာယ် ကင်းရှင်းရေး အလေးထား ဆောင်ရွက်ရန်လိုအပ်မှု၊ ဘက်စုံပို့ဆောင်ရေးစနစ်ကို အသုံးပြုရန် လိုအပ်မှုများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးဆွဲအတည်ပြုထားပြီးဖြစ်သည့် အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်း(National Transport Master Plan) နှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ လျှပ်စစ်သုံးယာဉ်များ တင်သွင်းမှု၊ ထုတ်လုပ်မှု၊ အသုံးပြုမှုများအတွက် အမျိုးသားအဆင့် ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ မဟာဗျူဟာများ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်လျက်ရှိမှု၊ ရေကြောင်း၊ လေကြောင်း သယ်ယူပို့ဆောင်ရေး ကဏ္ဍများတွင် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်(IMO)၊ အပြည်ပြည်ဆိုင်ရာမြို့ပြလေကြောင်းအဖွဲ့ချုပ် (ICAO)တို့က ချမှတ်သည့် နိုင်ငံတကာစံညွှန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားခဲ့သည်။

**ဆွေးနွေးပြောကြား**

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးသည် စက်တင်ဘာ ၂၆ ရက် အစီအစဉ်အရ ကျင်းပပြုလုပ်သော ကုန်း၊ ရေ နှစ်သွယ်စကြံ ထူထောင်ရေးနှင့် စပ်လျဉ်းသည့် Comprehensive Transport Investment Promotion Conference သို့ တက်ရောက်၍ မြန်မာနိုင်ငံသည် ဒေသတွင်း မဟာဗျူဟာမြောက် အချက်အချာနေရာ၌ တည်ရှိနေမှု၊ တရုတ်နိုင်ငံက ဦးဆောင်ဦးရွက်ပြုသော Belt and Road Initiative(BRI)နှင့် မဲခေါင်-လန်ချန်း အစီအစဉ်များတွင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ကုန်း၊ ရေ နှစ်သွယ် စကြံထူထောင်ရေးတွင် အဓိကအရေးပါသည့် နိုင်ငံဖြစ်လာစေရန် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာဆိုင်ရာ လိုအပ်ချက်များကို အောင်မြင်စွာ ကျော်လွှားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် အတွေ့အကြုံ အသိပညာများ အပြန်အလှန်ဖလှယ်ရေး ကိစ္စရပ်များကို ပါဝင်ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသော ကမ္ဘာလုံးဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်သော ပို့ဆောင်ရေးကဏ္ဍ ဖြစ်ပေါ်လာစေရန် ဝန်ကြီးများအဆင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ပြုရေး စားပွဲဝိုင်းဆွေးနွေးပွဲ (Ministerial Roundtable on Building a Global Sustainable Transport Partnership)သို့ တက်ရောက်၍ နိုင်ငံ ၁၈ နိုင်ငံမှ ဝန်ကြီးများ၊ ကမ္ဘာ့ကုလသမဂ္ဂ အာရှ-ပစိဖိတ်ဒေသ စီးပွားရေးနှင့် လူမှုရေး ကော်မရှင်၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းငါးခုတို့မှ အကြီးအကဲများနှင့်အတူ ပါဝင် ဆွေးနွေးသည်။ ဝန်ကြီးအဆင့် စားပွဲဝိုင်းဆွေးနွေးပွဲတွင် ပို့ဆောင်ရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိတ်ဖက်ပြုရေး မြှင့်တင်ဆောင်ရွက်ရန်နှင့် စပ်လျဉ်း၍ အားလုံးပါဝင်မှုနှင့် တန်းတူညီမျှမှု (Inclusivity and Equality)၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)၊ ခံနိုင်ရည်ရှိမှုနှင့် လိုက်လျောညီထွေရှိမှု (Resiliency and Adaptability)၊ ယုံကြည်မှုနှင့် အပြန်အလှန် လေးစားမှု(Trust and Mutual Respect)တို့ကို အလေးထား သုံးသပ်ဆွေးနွေးပြီး နိုင်ငံများအနေဖြင့် တက်ကြွစွာ ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြပါရန် အကြံပြုတိုက်တွန်း ပြောကြားခဲ့သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးသည် ဖိုရမ်တက်ရောက်စဉ် ကာလအတွင်း စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. He Lifeng နှင့် လည်းကောင်း၊ စက်တင်ဘာ ၂၆ ရက် ညနေပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး H.E. Mr. Li Xiaopeng နှင့် လည်းကောင်း တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ဆောင်ရွက်ဆဲစီမံကိန်းများနှင့် အနာဂတ် စီမံကိန်းများအတွက် အလေးထားပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ နှစ်ဖက် အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးသည် စက်တင်ဘာ ၂၄ ရက် ညနေပိုင်းတွင် ပေကျင်းမြို့ရှိ China Railway Group Co., Ltd. ဌာနချုပ်သို့ သွားရောက်ပြီး ရထားပို့ဆောင်ရေးပြတိုက်ကို ကြည့်ရှုလေ့လာကာ မူဆယ်-မန္တလေး ရထားလမ်းသစ် တည်ဆောက်ရေးအတွက် ဖြစ်မြောက်နိုင်ခြေ လေ့လာမှု အစီရင်ခံစာအပေါ် သုံးသပ်တွေ့ရှိချက်များ၊ မန္တလေး-ကျောက်ဖြူ ရထားလမ်းပိုင်း အတွက် ဖြစ်မြောက်နိုင်ခြေ လေ့လာရေး ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့သည်။ စက်တင်ဘာ ၂၅ ရက်တွင် China Railway ဌာနချုပ်သို့ သွားရောက်၍ တရုတ်နိုင်ငံအတွင်း ပြေးဆွဲလျက်ရှိသော ရထားများ၏ သွားလာမှု ထိန်းချုပ်ရေးစနစ် (Centralized Traffic Control-CTC) ကို လေ့လာကြည့်ရှုသည်။ စက်တင်ဘာ ၂၆ ရက်နံနက်ပိုင်းတွင်လည်း China Communication Construction Co.,Ltd. နှင့် China Harbour Engineering Co.,Ltd. တို့မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံပြီး ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော စီမံကိန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးသည်။

**တက်ရောက်**

ဖိုရမ်၏အစီအစဉ်အရ ကျင်းပသည့် အပြန်အလှန်ချိတ်ဆက်မှု မြှင့်တင်ရေး၊ ဘုံဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာသစ်များ အသုံးပြုရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး စသော ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲ လေးခုသို့လည်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့သည်။ ယခုကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ ပို့ဆောင်ရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဖိုရမ်သို့ နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ဝန်ကြီးအဆင့်များ၊ အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးအဖွဲ့အစည်းများမှ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ နိုင်ငံပေါင်း ၆၀ ကျော်မှ ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများ၊ ကျွမ်းကျင်ပညာရှင်များနှင့် နိုင်ငံတကာမှ သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သည့် စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

---

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်**

**နေပြည်တော် စက်တင်ဘာ ၂၈**

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

# ဉာဏ်မျက်စိပွင့်စေတဲ့ကျောင်းတွေ မြန်မာ့မြေပေါ်မှာ ပြည့်လျှမ်းနေပါမှ ...

ဒေါက်တာမောင်သင်း

**(ယမန်နေ့မှအဆက်)**

သင်ရိုးကို ပညာရှင်များ ရေးဆွဲခဲ့စဉ်က “သိ” ဖို့ သက်သက်လောက်သာ ရပ်တန့်ထားရန် မဟုတ်ပါ။ မိမိဝန်းကျင်၌ ဆက်လက် “အသုံးချ” တတ်ရန်အဓိကပါ။ အသုံးချသည် ဆိုရာတွင်လည်း “စာမေးပွဲမှာဖြေဖို့” ဟု နိမ့်နိမ့်ကျကျ မမှတ်ယူသင့်ပါ။ လူတစ်ဦးချင်းစီ၏ ဘဝအောင်မြင်ရေးနှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးရေးအတွက် အသုံးချရန်ပါ။ ဆိုလိုသည်မှာ စာအုပ်ထဲမှသင်ခန်းစာသည် စာမေးပွဲတွင် အဆုံးသတ်ခဲ့သည့်အဖြစ်မျိုး မဟုတ်ပါ။ “ကျောင်းနံရံ” ထဲတွင်သာ ချန်ထားခဲ့ရန်မဟုတ်ပါ။

**ဉာဏ်အမြင်ကို ပိတ်စေသောသင်ပုံမျိုး**

ဥပမာအားဖြင့် ဆရာ ဆရာမက ကျောင်းသင်ခန်းစာကို မှတ်စုထုတ်ပေး၊ အလွတ်ကျက်စေ၊ ပြီးလျှင် “၍” “၏” “သည်” မှားလျှင်ပင် အမှတ်လျှော့ခံရတာမျိုးပါ။ ယင်းမှာ ကလေးများ၏ ဉာဏ်အမြင်ကို ပိတ်စေသော သင်ပုံမျိုးပါ။ မိမိသင်ပေးသည့် သင်ခန်းစာကို ပတ်ဝန်းကျင်နှင့်ယှဉ်ပြီး အသုံးချမှုမပါ။ ထိုအစား သာဓကအားဖြင့် “သင်တွေ့ဖူးသော ပန်းငါးမျိုးကို ပြောပြပါ” ဆိုသည့် မေးခွန်းပါ။ စာမေးပွဲဖြေရန်၊ အမှတ်ရရန် သက်သက်မဟုတ်တော့ပါ။ ထို့အတွက် ကလေးသည် မိမိပတ်ဝန်းကျင်တွင် သူမြင်ဖူးသော ပန်းငါးမျိုး ဖြေနိုင်ပါသည်။ အတန်းထဲမှ ကလေး ၂၀ ၏ အဖြေသည် အမျိုး ၂၀ ဖြစ်နိုင်ပါသည်။ ကွဲပြားသော်လည်း “ပန်း” အမည်ငါးမျိုးဖြစ်လျှင် မှန်ပါသည်။ အားလုံးမတူနိုင်ပါ။ ထို့အတူ အပင်ငါးပင်၊ တိရစ္ဆာန်ငါးကောင်ဆိုသည်မျိုး မေးနိုင်ပါသည်။ ကလေး၏ ဉာဏ်အမြင်ကို အမြဲတမ်းပွင့်နေအောင် လုပ်ပေး၊ သင်ပေးသည့်ကျောင်းကို ဉာဏ်မျက်စိ ဖွင့်ပေးသည့်ကျောင်းဟု ခေါ်ပါသည်။

ကလေး၏ပတ်ဝန်းကျင်ကို ကြည့်တတ်၊ မြင်တတ်မှအမှတ်ရသည်ဆိုသည့် ဆွဲဆောင်မှုဖြင့် မိမိဝန်းကျင်ကို မြင်တတ်၊ ကြည့်တတ်သော အလေ့အကျင့်ရအောင် လက်တွေ့လေ့ကျင့်ပေးခြင်းပါ။ ထိုသဘောမျိုးမဟုတ်ဘဲ ဆရာမက ပန်းအမည်ငါးမျိုး၊ အပင်ငါးပင်နှင့် တိရစ္ဆာန်ငါးကောင်ရေးပေး၊ အဲဒါကို အလွတ်ကျက်၊ စာမေးပွဲမှာပြန်ရေးခဲ့လျှင် ကလေးများ၏စာကို အခြေခံပြီး ပတ်ဝန်းကျင်ကို ကြည့်တတ်၊ မြင်တတ်သည့် ဉာဏ်အမြင်အာရုံကို ပိတ်လိုက်ခြင်းဖြစ်ပါသည်။ စာအုပ်ဘောင်ကိုကျော်၍ မြင်နိုင်စွမ်းမရှိအောင်၊ ကျောင်းအခန်း၊ သင်ခန်းစာများထက် ပိုမမြင်အောင် ပိတ်လှောင်ခံလိုက်ရပါသည်။ စာဖြင့် ပိတ်လှောင်ခံရသည့်အတွက် အပြင်ကို မမြင်တော့ပါ။ မိမိပတ်ဝန်းကျင်ကို မြင်နိုင်စွမ်းမရှိသည့်နေရာ၊ ယင်းသို့ဖြစ်အောင် လေ့ကျင့်ပေးနေသည့် ကျောင်းသည် ကျောင်းအပြင်က အကျဉ်းထောင်နှင့် ဘာများထူးပါသေးသလဲ။

“**ဉာဏ်အမြင်ကို ပိတ်စေသောကျောင်း**”၊ တစ်နည်းအားဖြင့် “**ပိတ်နေသောကျောင်း**”၊ “**သင်ခန်းစာမှလွဲလို့ ဘာမှမြင်အောင်မလုပ်ပေး၊ လေ့ကျင့်မပေးသောကျောင်း**” သည်လည်း နံရံလေးဖက်ကာရန်ထားသော “ထောင်” ကဲ့သို့ ဖြစ်နေပါလိမ့်မည်။ ထောင်ကျခံရသူကမှ အချိန်တန်လျှင် ထောင်မှလွတ်ကာ ပြင်ပကို မြင်နိုင်စွမ်းရှိပါသေးသည်။ ဦးနှောက်အမြင် ပိတ်ခံရလိုက်သူမှာ လူ့လောက ဟင်းလင်းပြင်ကြီးထဲနေပြီး လူ့အဖွဲ့အစည်း၏ ကောင်းကျိုးသယ်ပိုးမှုကို မြင်အောင်မကြည့်တတ်သူဘဝဖြင့် အသက်ရှင်သန်နေရပါလိမ့်မည်။

> **“ဉာဏ်အမြင်ကို ပိတ်စေသောကျောင်း”၊ တစ်နည်းအားဖြင့် “ပိတ်နေသောကျောင်း”၊ “သင်ခန်းစာမှလွဲလို့ ဘာမှမြင်အောင်မလုပ်ပေး၊ လေ့ကျင့်မပေးသောကျောင်း” သည်လည်း နံရံလေးဖက်ကာရန်ထားသော “ထောင်” ကဲ့သို့ ဖြစ်နေပါလိမ့်မည်။ ထောင်ကျခံရသူကမှ အချိန်တန်လျှင် ထောင်မှလွတ်ကာ ပြင်ပကို မြင်နိုင်စွမ်းရှိပါသေးသည်။ ဦးနှောက်အမြင် ပိတ်ခံရလိုက်သူမှာ လူ့လောကဟင်းလင်းပြင်ကြီးထဲနေပြီး လူ့အဖွဲ့အစည်း၏ ကောင်းကျိုးသယ်ပိုးမှုကို မြင်အောင်မကြည့်တတ်သူဘဝဖြင့် အသက်ရှင်သန်နေရပါလိမ့်မည်**

**မိဘကူသည့်အကျင့်**

ကျွန်တော်တို့ ငယ်ငယ်တုန်းက နံနက်အိပ်ရာကထလျှင် မျက်နှာမသစ်ခင် မီးမွှေး၊ ဆန်ဆေး၊ ထမင်းအိုးတစ်လုံးတည်၊ ပြီးလျှင်မျက်နှာသစ်၊ ဈေးက အမေ့ဆိုင် သွားရ၍ဝိုင်းကူဖွင့်ပေးပါသည်။ ပြီးလျှင် အိမ်သုံးရန် ရေဝိုင်းခပ်သည်။ ယင်းအလုပ်များပြီးမှ ရေချိုး၊ ကျောင်းသွားပါသည်။ ရွာမှာနေတုန်းကဆိုလျှင် ကျွဲ၊ နွားကို စားကျက်လွှတ်ပေးရသည်။ လွှတ်မရသည့် မိုးရာသီ (ကျွန်တော်တို့ရွာက မိုးတွင်းဆို ရေလွှမ်းသည်မို့ ကျွဲ၊ နွားလွှတ်ကျောင်းလို့မရပါ) ဆိုလျှင် နွားစာကျွေး၊ နွားတင်းကုပ်သန့်ရှင်းရေး လုပ်ရပါသည်။ (နွားချေးကျုံး၊ နွားသေးရှိသည့်နေရာ ရေဆေးပြာဖုံးပါ) ထို့နောက် ရေမိုးချိုး၊ လွယ်အိတ်လေးလွယ်၊ ကျောင်းသွားပါသည်။

ညနေကျောင်းဆင်းလျှင် လွယ်အိတ်ချ၊ ဘောလုံးကွင်းပြေး၊ ကစားသည့်နေရာမှ ပြန်ရောက်လျှင် ကျွဲ၊ နွားများကို ချည်တိုင်တွင်ချည်၊ မိုးတွင်း၌ ကျွဲ၊ နွားများခြင်၊ မှတ်မကိုက်ရလေအောင် ကောက်ရိုးအစိုနှင့် မီးခိုးမှိုင်းတိုက်ရပါသည်။ ထို့နောက် ရေမိုးချိုး၊ ထမင်းစား၊ မီးခွက်နှင့် စာကြည့်ပါသည်။ မြို့ပြောင်းလာချိန်၌ အထက်တွင်ပြောသကဲ့သို့ ဈေးထဲမှ အမေ့ဆိုင်ကို ဝိုင်းကူဖွင့်၊ ညနေတွင် ဘောလုံးကန်၊ အမေ့ဆိုင်ဝင်သိမ်း၊ ညနေစာသုံးရေခပ်၊ ပြီးလျှင် ရေမိုးချိုး၊ ထမင်းစား၊ စာကျက်စသည့် “မိဘကူတဲ့အကျင့်” ဘယ်ကရသလဲဆိုလျှင် သူငယ်တန်းဖတ်စာအုပ်ထဲက **“စောစောထ၊ သွားတိုက်၊ မျက်နှာသစ်၊ အိပ်ရာသိမ်း၊ အစာစား၊ ပလုတ်ကျင်း”** (ကျွန်တော်တို့ ငယ်ငယ်တုန်းက မပါပါ။ သိရတာက ၁၉၈၃ ခုနှစ်လောက်ကျမှ ဆရာကြီး ဒေါက်တာအောင်ခင်ဆင့်က သွားခံတွင်းကျန်းမာရေးအတွက် အလိုအပ်ဆုံးအရာဟုဆိုပြီး ထည့်ခဲ့သည်ဟု မှတ်သားထားမိခဲ့ပါသည်။ ) “**အဝတ်လဲ၊ ကျောင်းသွား**” ပြီးလျှင်“ **ကျောင်းပြန်၊ မိဘကူ၊ ကစား၊ ရေချိုး၊ ညစာစား၊ စာကြည့်၊ သွားတိုက်၊ အိပ်ရာဝင်**” ဆိုသည့် ကျောင်းသင်ခန်းစာမှရခြင်းပါ။

စောစောထကနေ အိပ်ရာဝင်ဆိုသည့် ဖတ်စာထဲမှစာသည် လက်တွေ့သုံးရမည့်အရာဖြစ်၍ အပြင်တွင် အသုံးချရန် ကျွန်တော်တို့၏ “**ငယ်ဆရာများသင်ပေး၊ လေ့ကျင့်ပေးခဲ့ခြင်း**”ပါ။ သူငယ်တန်းဖတ်စာထဲမှ အထက်ပါအကြောင်းအရာများသည် အလွတ်ကျက်ပြီး စာမေးပွဲဖြေရန်အတွက် မဟုတ်ဘဲ လက်တွေ့ဘဝတွင် သေသည်အထိ နေ့စဉ်အသုံးချရန်ပါ၊ ကလေးတစ်ယောက် နေ့စဉ်အသုံးချမှု ရှိ/ မရှိ၊ ကျောင်းတက်တိုင်း ဆရာဆရာမက မေးနေ၊ စစ်ဆေးနေပြီး မိဘနှင့်ပူးပေါင်းကာ “ရေချိုး”၊ “အိပ်ရာသိမ်း”၊ “သွားတိုက်”၊ “မိဘကူ” သောအလေ့အကျင့်ကောင်းရအောင် လေ့ကျင့်ပေးရန်ဖြစ်ပါသည်။

သူငယ်တန်းဖတ်စာမှ ကျောင်းစာကို နေ့စဉ်ဘဝထဲရောက်စေရန် သယ်ယူလာခဲ့သည့် ကိုယ်တွေ့ဥပမာလေးပါ။ အထက်ပါ သူငယ်တန်းဖတ်စာအုပ်ပါ အကြောင်းအရာများသည် ယနေ့ မြန်မာ့ပညာရေးတွင် စာမေးပွဲမေးရန် “စာ” ဟု မြင်ပြီး ပြန်ဆိုတတ်ရုံ၊ ရေးတတ်ရုံလောက်တွင်သာ အဆုံးမသတ်စေချင်ပါ။ လက်တွေ့ဘဝထဲအထိ သယ်ဆောင်သွားရမည့် “အကျင့်”ဟု သိအောင်၊ ခံယူသွားအောင်၊ အထုံဖြစ်သွားအောင် လေ့ကျင့်ပေးလိုက်ပါမှ ပညာရေး၏ အနှစ်သာရပေါ်လွင်ပေလိမ့်မည်။

**ခေါင်းဆောင်နိုင်စွမ်းရှိ**

ယနေ့ ပညာရေးပညာရှင်များ၏ လေ့လာချက်အရ “အိမ်မှာ မိဘကို ဝိုင်းကူလုပ်သော” ကလေးများသည် အတန်းကို ခေါင်းဆောင်နိုင်စွမ်းရှိပြီး စာတော်ကြသည်။ မိမိကိုယ်ကို ယုံကြည်မှုအပြည့်ရှိကြသည်။ ပေးအပ်သော တာဝန်ကို ကျေကျေပွန်ပွန်နှင့်ပြီးမြောက်အောင် ဆောင်ရွက်နိုင်စွမ်းရှိသည်ကို တွေ့ရသည်ဟုသိရသည်။ ကျောင်းတွင် ကာယအချိန်ရှိပါသည်။ ကာယအချိန်တိုင်းတွင်ကာယဆရာလာပြီးအားကစားနည်းတစ်ခုခု သို့မဟုတ် စုပေါင်းကိုယ်လက်လေ့ကျင့်ခန်းလုပ်ပါသည်။ တချို့ရက်များဆိုလျှင် ကျောင်းသားများကို ဘောလုံးကန်ခိုင်း၊ ဘော်လီဘောပုတ်ခိုင်း၊ ဘတ်စကက်ဘောလေ့ကျင့်ခိုင်းပါသည်။

အားကစားသည် ကလေးများ၏ ကျန်းမာရေး၊ ကာယ၊ ဉာဏစွမ်းရည် တက်စေပါသည်။ ကျောင်းတွင် ငူတူတူ ငိုင်တိုင်တိုင်နှင့်ဖြစ်ပြီး ညအခါတွင် အိပ်မပျော်ဖြစ်နေသည့် ကလေးများသည် ကစားချိန် ပြည့်ပြည့်ဝဝမရခဲ့သော ကလေးများဖြစ်ပါသည်။ ထိုကလေးများကို အချိန်လုံလုံလောက်လောက်ပေးပြီး ကစားခိုင်းသည့်အခါ ငူတူတူနှင့် အိပ်မပျော်ခြင်းများပျောက်ပြီး သွက်လက်လာကာ “စာ” လည်း ပိုတော်လာသကဲ့သို့ ကျောင်းတွင်လည်း လူဝင်ဆံ့၊ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်စွာဦးဆောင်နိုင်သည်ကို တွေ့ရပါသည်ဟု ပညာရေးပညာရှင်များ၏ လေ့လာချက်အရ သိရပါသည်။

**အသိတရား ဦးဆောင်မှုဖြင့် ကြိုတင်ပြင်ဆင်သည့်အရပ်**

ပြောင်းပြန်ရလဒ်မှာ စာချည်းပဲ လုပ်ခိုင်းခံနေရသည့် ကလေးများသည် ထုံထိုင်းပြီး ရောဂါဘယ ထူလာပါတော့သည်။ “စာဒဏ်ပိ” မှုကို ခံရခြင်းဟု မြင်မိပါသည်။ ကျောင်းသည် အကျဉ်းထောင်လို ဒဏ်ပေးပြီး လေ့ကျင့်သောအရပ် မဟုတ်ပါ။ ကလေးငယ်များ၏ အနာဂတ်တွင် ကြုံရမည့်လောကဓံကို အသိတရား ဦးဆောင်မှုဖြင့် ခံနိုင်ရည်ရှိရန် ကြိုတင်ပြင်ဆင်သည့် အရပ်ဖြစ်ပါသည်။ ကျောင်းဆိုသည့်အရပ်တွင် မည်သည့် ဒဏ်ပေးမှု၊ ဒဏ်ပိမှုကြောင့်မျှ ကလေးများ၏ ဗလငါးတန်ဖွံ့ဖြိုးမှု နှေးကွေးစေခြင်းမျိုးကို လုံးဝမလုပ်ဆောင်အပ်ပါ။

ယနေ့ ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် သာဓကများကို ကြည့်လျှင် နံနက်အိပ်ရာထသည်နှင့် ကလေးက ကျူရှင်သွား၊ ပြီးလျှင် ကျောင်းဆက်ပို့၊ ကျောင်းမှဆင်းလျှင် ကျူရှင်၊ ကျူရှင်ပြန်လာလျှင် “Guide” ဆိုသူနှင့် စာကြည့်၊ Guide က စာထပ်သင်ပေး၊ လေ့ကျင့်ခန်းများထပ်လုပ်ခိုင်း၊ ပြီးလျှင် အိပ်ရာဝင်။ ကလေးသည် နံနက်နိုးလာလျှင် ယခင်ကဲ့သို့ “**စာသံသရာ**” ထဲထပ်ပြီး ထည့်ခံရပြန်၊ ဤသို့ဖြင့် ကျောင်းနေသည့် ကလေးများသည် လူ့တန်ဖိုးအစစ်ကို မြင်နိုင်စွမ်းမရှိအောင် စာဖြင့် ပိတ်ပင်ခြင်းခံရပြီး ပတ်ဝန်းကျင်ကို လှမ်းကြည့်ခွင့်လည်းမရ၊ လူ့တန်ဖိုးအစစ်ပိုင်ဆိုင်ရန် လေ့ကျင့်ခွင့်လည်း မရတော့ပါ။

**လူ့တန်ဖိုးအနှစ်သာရများ**

လူ့တန်ဖိုးအစစ် တပ်ဆင်ရန် အချိန်မပေးနိုင်တော့ပါ။ ထိုသို့ စာဖြင့် ပိတ်ထားသဖြင့် “**စာနံရံနှင့် ပိတ်လှောင်ခံရသူ**” ဘဝရောက်နေသော ကလေးများ ကျွန်တော်တို့ဝန်းကျင်တွင် ဒုနှင့်ဒေးပေါ်ထွန်းနေပါသည်။ ထို “**စာနံရံ**”၊ “**သင်ခန်းစာထောင်ချောက်ထဲ**”မှ ထွက်လာသောကလေးများသည် ဘွဲ့လက်မှတ်များ၊ အောင်လက်မှတ်များ မည်မျှပင်ရရ ထိုသူများတွင် “**လူ့တန်ဖိုးအစစ်အမှန်များဖြစ်သော ကျန်းမာရေး၊ စိတ်ဓာတ်တည်ငြိမ် ရင့်ကျက်ဖွံ့ဖြိုးမှု၊ ကိုယ်ကျင့်တရားမြင့်မြတ်မှု၊ စာနာတတ်မှု၊ လူမှုဆက်ဆံရေးကောင်းမွန်မှု၊ စိတ်ထားနူးညံ့သိမ်မွေ့မှု၊ ပြဿနာကို ကျိုးကြောင်းခိုင်လုံစွာ ဖြေရှင်းနိုင်မှု၊ စရိုက်မတူသူများနှင့် ညီညွတ်စွာပူးပေါင်းဆောင်ရွက်တတ်မှု**” စသည့် လူ့တန်ဖိုး အနှစ်သာရများ ပါလာနိုင်ရန် အခွင့်အလမ်း အလွန်နည်းသွားပါလိမ့်မည်။

လူ့တန်းဖိုးအစစ်အမှန်များ မပါသောကလေးသည် မိမိပတ်ဝန်းကျင်ကို မည်ကဲ့သို့ ခေါင်းဆောင်နိုင်မည်နည်း။ “**လူတော်**” ဆိုသည့်စကားနှင့် “**စာတော်သူ**” သည် တခြားစီပင်။ စိတ်ဓာတ်ရေးရာမြင့်မားမှုလည်း တော်သင့်ပါသည်။ စာသာတော်သည့် “**တံလျှပ်လူတော်**”ကို လူတော်ဟု ငယ်ငယ်တုန်းက ထင်ခဲ့သည်ကို ထိုအတန်းဖော်စာတော်သူများ ကြီးလာသောဘဝတွင် “လျော့သူများ”၊ “ဘဝစာမေးပွဲအလီလီမှာ ကျရှုံးသူများ” ဖြစ်နေသည်ကို တွေ့ရတော့မှပင် အမှတ်မှား၊ အထင်မှား ပျောက်ပါတော့သည်။ ကျောင်းသည် ကောင်းသောလူကောင်းများ ဖြစ်လာအောင် လေ့ကျင့်ရန် ပထမပါ။ ထိုကောင်းသောလူသားကို လောကကောင်းကျိုးသယ်ပိုးရာတွင် တော်သူဖြစ်အောင် စာအုပ်ကို နမူနာပြပြီး ထပ်ဆောင်းလေ့ကျင့်ပေးသည့်အရပ်ပါ။ ကျောင်းဆိုသည်မှာ “စာတော်”ရုံ သက်သက်ဆိုသည့် အဆင့်နိမ့်လူသားမွေးထုတ်သောအရပ် မဟုတ်ကြောင်း နိုင်ငံသားတိုင်း သတိပြုရပါလိမ့်မည်။ အချုပ်အားဖြင့် “တော်” “မတော်” ကို လောကကောင်းကျိုး သယ်ပိုး၊ မသယ်ပိုး ပေတံနှင့်တိုင်းကြည့်မှသာပင် သိနိုင်ပါသည်။

သာဓကလေးများ ပြချင်ပါသည်။ မြန်မာဆေးတက္ကသိုလ် တစ်ခုတွင် ဘွဲ့လွန်ကျောင်းသူနှစ်ဦးက အတန်းအတူတူပင်။ နှစ်ယောက်စလုံးစာတော်ပြီး ပထမနေရာ သူတစ်ပြန် ကိုယ်တစ်လှည့် ရနေကြကြောင်း သိရပါသည်။ တစ်ယောက်က သူ့စာပဲ အမြဲလုပ်ပြီး နံပါတ်တစ်နေရာရအောင် လုပ်နေသော်လည်း

စာမျက်နှာ ၇ သို့ ✦

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အပြည်ပြည်ဆိုင်ရာ တရားရုံးဥက္ကဋ္ဌနှင့် ဂမ်ဘီယာနိုင်ငံမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံခဲ့ပြီးပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၈**

ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအား ၁၉၄၈ ခုနှစ် လူမျိုးသုဉ်းစေမှုကို တားဆီးရန်နှင့် ပြစ်ဒဏ်ပေးရန် နိုင်ငံတကာသဘောတူစာချုပ် (Convertion on the Prevention and Punishment of the Crime of Genocide) ကို ကျူးလွန်ဖောက်ဖျက်သည်ဟု စွပ်စွဲချက်ဖြင့် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားစွဲဆိုထားခြင်းနှင့်ပတ်သက်၍ ဂမ်ဘီယာက ၎င်း၏ အဆိုလွှာ (Memorial) ကို တရားရုံးသို့ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၃ ရက်တွင် တင်သွင်းခဲ့ပြီး ယင်းအဆိုလွှာအား မြန်မာနိုင်ငံက ပြန်လည်ချေပလျှောက်လဲသည့် အချေလွှာ (Counter–Memorial) ကို ၂၀၂၃ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် တရားရုံးသို့ တင်သွင်းခဲ့ပြီး ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အပြည်ပြည်ဆိုင်ရာတရားရုံးဥက္ကဋ္ဌက မြန်မာနိုင်ငံနှင့် ဂမ်ဘီယာနိုင်ငံမှ ကိုယ်စားလှယ် (Agent)များအား ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် သည်ဟေ့ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ တွေ့ဆုံရန် အကြောင်းကြားခဲ့သည်။



ယင်းတွေ့ဆုံပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ၏ကိုယ်စားလှယ်(Agent) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် အလှည့်ကျကိုယ်စားလှယ် (Alternate Agent) ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ နယ်သာလန်နိုင်ငံ သည်ဟေ့ဂ်မြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ စက်တင်ဘာ ၂၅ ရက် နံနက်တွင် ရောက်ရှိခဲ့သည်။

**ဆွေးနွေး**

မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၆ ရက်တွင် သည်ဟေ့ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံး၌ အပြည်ပြည်ဆိုင်ရာတရားရုံးဥက္ကဋ္ဌနှင့် ဂမ်ဘီယာနိုင်ငံမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအား အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားစွဲဆိုထားသည့်ကိစ္စ ရှေ့ဆက်သွားမည့်လုပ်ငန်းစဉ်ကို ဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် သည်ဟေ့ဂ်မြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ စက်တင်ဘာ ၂၈ ရက် နံနက်တွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိခဲ့သည်။

**သတင်းစဉ်**

---

✦ **စာမျက်နှာ ၆ မှ**

နောက်တစ်ဦးက သူတတ်သိထားသမျှ တခြားသူငယ်ချင်းများကို ရှင်းပြ၊ သင်ပေး၊ ဖြန့်ဝေပေးသည်။ ထိုသို့ ရှင်းပေး၊ သင်ပေးသည့်အတွက် သူ့ပညာရပ်ကို ပိုမှတ်မိပြီး သင်ပေး၊ ရှင်းပြပေးရခြင်းကို ပိုပျော်လာသည်။ သူ့ဘေးတွင် သူငယ်ချင်းများ တရှန်းရှန်းနှင့် ပျော်ကြရွှင်ကြ၊ ပြီးလျှင် စာမေးပွဲဖြေလျှင်လည်း သူငယ်ချင်းများကို အကြိမ်ကြိမ်ရှင်းပြထားသည်မို့ မှတ်မိကာ အရင်ကထက် ပိုပြီးဖြေနိုင်၊ စာမေးပွဲအမှတ်များ ထိပ်ဆုံးက ရပါသည်။ တစ်ဦးတည်း ကြိတ်ပြီး စာကျက်သောကလေးမထက် အမြဲသာလာပါတော့သည်။ ထိုအခါ သူ့စာပဲ သူလုပ်သော ကလေးမက ကြိတ်မနိုင်ခဲမရဖြစ်ပါတော့သည်။

ဤသို့ဖြင့် တစ်နေ့ သူငယ်ချင်းများကို စာရှင်းပြနေသော သူ့ထက်သာသူမိန်းကလေးကို သူ့အခန်းထဲခေါ်ပြီး မျက်နှာကို "အက်စစ်" ဖြင့် ပက်ပါသည်။ ထိုအခါ သူလည်း အဖမ်းခံရ၊ ဆရာဝန်လည်း မဖြစ်ခဲ့ပါ။ အက်စစ်ဖြင့် အပက်ခံရသည့် မိန်းကလေးမှာ မျက်နှာတစ်ခုလုံး ပျက်စီးခဲ့ပါသည်။ အဆိုပါမျက်မမြင် ဆရာဝန်မလေးမှာ ကလေးအထူးကု ဆရာဝန်အဖြစ် ကလေးများ၏ အသက်ကို ဆက်ပြီး ကယ်နေဆဲဟုသိရပါသည်။ စာလောက်သာ တော်သော်လည်း "**စိတ်ထားလျော်**"ခဲ့သူကြောင့် ပတ်ဝန်းကျင်မှ လူကောင်း၊ လူတော်တစ်ယောက် နစ်နာခဲ့ရခြင်းဖြစ်ပါသည်။ အဆိုပါ ဖြစ်ရပ်လေးကို သုံးသပ်ရပါက အက်စစ်နှင့် သူများကို ပက်ခဲ့သူသည် ဆေးတက္ကသိုလ် ရောက်လာသည်အထိ ဘဝ၏အောင်မြင်မှုဆိုသည်မှာ "ကျောင်းစာလှောင်ချိုင့်" သို့မဟုတ် "စာမေးပွဲရမှတ်"ထဲမှာပင် ရှိသည်ဟု ဉာဏ်မျက်စိမပွင့်သော အမြင်၏ရလဒ်သာ ဖြစ်ပါသည်။ သူငယ်စဉ်က တက်ခဲ့သော ကျောင်းတွင် ကျောင်းစာဘောင်နှင့် ကျောင်းနံရံကိုကျော်ပြီး ဉာဏ်မျက်စိဖြင့် ကြည့်တတ်အောင် မသင်ခဲ့၊ မလေ့ကျင့်ခဲ့၍ဟု မြင်မိပါသည်။

ကျောင်းစာ တော်သော်လည်း ကျောင်းက ဉာဏ်မျက်စိဖွင့်တတ်အောင် မသင်ပေးခဲ့သည့် ရလဒ်ကြောင့် သူ့ကို ရိုးရိုးမျက်စိဖြင့် အကုန်ကြည့်ခွင့်မရအောင် လေးဖက်အုတ်နံရံများက ဆက်ကာရံခြင်းကို ခံရပါတော့သည်။ လူတော်ရန် စာတော်အောင်ကြိုးစားရင်း စိတ်ဓာတ်လျော်ခဲ့၍ ဘဝအကြောင်းမလှခဲ့ရခြင်းပါ။ ကျောင်းက လူ့တန်ဖိုးအစစ်များ ပြည့်ပြည့်စုံစုံ မဖြည့်ပေးခဲ့သည့် ရလဒ်ဟုမြင်မိပါသည်။ ထိုအဖြစ်မျိုးပေါင်း မြောက်မြားစွာရှိပါသည်။ ကျောင်းက လူကောင်းလေ့ကျင့်မှု အားနည်းပြီး စာဘောင်၊ စာနံရံအတွင်း ကြည့်ခြင်း သက်သက်လောက်သာ သင်ပေးခဲ့ကာ စာရသူများကို အမှတ်များများပေး၍ "**တော်သူ**" ဆိုပြီး "**တံလျှပ်လူတော်**" သာ မွေးထုတ်ခဲ့၍ဟု မြင်မိပါသည်။

**စာနံရံပိတ်ကျောင်း**

အားလုံးကိုခြုံကြည့်လျှင် မိဘများနှင့် ဆရာများခင်ဗျာ၊ ကျွန်တော့် **ပထမမေးခွန်း**၏ အဖြေက ကျောင်းနှင့် ထောင်သည် ဆက်စပ်မှုရှိနေပါသည်။ ကျောင်းက လိမ္မာယဉ်ကျေးသူနှင့် လူကောင်းလူတော် အရည်အသွေးများ ပြည့်လာအောင်လေ့ကျင့်ပေးမှုအားနည်း လေလေ အကျဉ်းထောင်တံခါးပွင့်လေလေပါပဲ။ **ဒုတိယမေးခွန်း**၏အဖြေက ကျောင်းဆိုသည်မှာ စာသင်ခန်းမှ တစ်ဆင့် မိမိပတ်ဝန်းကျင်၊ ထိုမှတစ်ဆင့် ကမ္ဘာကြီးကို လှမ်းကြည့်တတ်၊ မြင်တတ်အောင် အစပျိုးလေ့ကျင့်ပေးသည့်နေရာဖြစ်၍ ပိတ်ထားသောအကျဉ်းထောင်နှင့် မည်ကဲ့သို့မျှမတူပေ။ လုံးဝကွဲပြားခြားနားပါသည်။ ပြီးလျှင် ကျောင်းမှထွက်သူမှန်သမျှ အကျဉ်းထောင်နှင့် ဝေးသမျှဝေးရပြီး လူ့အဖွဲ့အစည်း ကောင်းကျိုးသယ်ပိုးသည့် လူကောင်းလူတော်ပေါ်ထွက်ရေးသည် ကျောင်းတိုင်း၏ အန္တိမရည်မှန်းချက်ပင်ဖြစ်သည်။ အကယ်၍ ကျွန်တော်တို့ ဆရာ၊ မိဘနှင့် ပညာရေး၏ သင်ရိုးများက "သင်ခန်းစာ" နှင့် "ကျောင်းနံရံ" ထက် ပိုမိုမြင်နိုင်စွမ်းမရှိအောင် ပတ်ဝန်းကျင်ကို လေ့ကျင့်ပေးခဲ့လျှင်မူ ကလေးများ၏ ဉာဏ်အမြင် (ဉာဏ်မျက်စိနှင့် ကြည့်တတ်မှု) ကို လှမ်းပိတ်လိုက်သည့်အတွက် ကျောင်းနှင့်ထောင်သည် ဘာမျှမခြားဟု ဆိုချင်ပါသည်။ လူ့အသိုင်းအဝိုင်းအားလုံးက ကျောင်းသည် ထောင်နှင့်မန္တိုင်းအပ်သောအရာဟု လက်ခံထားသည့်အတွက် ကျောင်းများတွင် ကလေးများကို စာနံရံဖြင့် ပိတ်လှောင်ထားသည့်ဘဝမှ ကင်းဝေးစေချင်ပါသည်။ "**စာနံရံပိတ်ကျောင်း**"မျိုး မြန်မာ့ပညာရေးတွင် လုံးဝမရှိစေချင်ပါ။

ကျောင်းနှင့် ထောင်သည် တကယ် မန္တိုင်းအပ်သောအရာ ဖြစ်ရန်မှာ ကျွန်တော်တို့ မိဘ၊ ဆရာများက ကလေး၏ဉာဏ်အမြင်တံခါးကို ဖွင့်ပေးရန် အဓိကပါ။ ကလေးများ၏ အနာဂတ်ရောင်ခြည်တံခါးကို စာမေးပွဲရမှတ်သက်သက်ဖြင့် မပိတ်မိရန် အထူးသတိရှိရန်ပါ။ ကျွန်တော်တို့ ကလေးများကို "စာမှစာ" ဆိုသည့် ကျွန်တော်တို့၏ ဒိဋ္ဌိအစွဲဖြင့် လေ့ကျင့်မပေးပါမှ ကလေးများ "စာထောင်ချောက်" ထဲ မကျမည်ဖြစ်ပါသည်။ ထိုသို့မဖြစ်စေရန် မိဘ၊ ဆရာများနှင့် ပညာရေးတာဝန်ရှိသူများက အားကစားအသင်း၊ ကြက်ခြေနီကဲ့သို့ လူမှုရေးအသင်း၊ ဘာသာရေးအသင်း၊ ပန်းချီ၊ ဂီတ၊ အနုပညာအသင်း၊ ဟောပြောပွဲအသင်း၊ ပတ်ဝန်းကျင် လေ့လာရေးအသင်း၊ စာဖတ်အသင်း၊ စာကြည့်တိုက်အသင်း၊ အိမ်တွင်းမှုအသင်း၊ စိုက်ပျိုးမွေးမြူရေး အသင်းများတွင် မိမိသားသမီး၊ တပည့်များကို ပါဝင်လှုပ်ရှားစေရန်လိုသည်။ ခေတ်မီပညာရေး၏ အဖွင့်ကျောင်းသင်ရိုးညွှန်းတမ်းများကလည်း အထက်ပါဖွံ့ဖြိုးရေးအသင်းများ၏လှုပ်ရှားမှုကို ပြည့်ပြည့်ဝဝအားပေးသည့်သင်ရိုးများသာ ဖြစ်ရန်လိုသည်။

**ယနေ့မြန်မာ့ကျောင်းများကို အသွင်ပြောင်းပေးရန်လိုအပ်**

ကျောင်းဖွံ့ဖြိုးရေးအချိန်များသည် စာမေးပွဲရမှတ်လွန် လူ့တန်ဖိုးအစစ်များ ပိုင်ဆိုင်စေမည့် လှုပ်ရှားမှုများနှင့် ပြည့်နှက်နေရပါမည်။ ဖွံ့ဖြိုးရေးအချိန်ကို သင်ခန်းစာမကုန်မည်စိုး၍ ဘာသာရပ်ဝင်သင်သည်များ လုံးဝမဖြစ်သင့်ပေ။ လှုပ်ရှားမှုများတွင် ကလေးများ တက်တက်ကြွကြွ ပါဝင်လိုစိတ်ရှိနေရပါမည်။ လုပ်အားပေးသွား၊ ဆေးရုံ၊ ရဲစခန်း၊ ပြတိုက်၊ စက်ရုံ၊ မွေးမြူရေးခြံ၊ လယ်ကွင်းများသို့ လေ့လာရေးဆင်းရပါမည်။ မိဘများကလည်း ကိုယ့်သားသမီး စကားရည်လုပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ ဗဟုသုတဖြစ်စေမည့် အားကျစရာ၊ အတုယူစရာဖြစ်မည့် ခေါင်းစဉ်တစ်ခုခုကို ဦးဆောင်ဟောပြောခြင်း၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာပြီး အတွေ့အကြုံများကို ပြန်ပြောနေခြင်းတို့ကို အားပေးရပါမည်။ ပြီးလျှင် အားကစားကွင်း၌ ပျော်ပျော်ရွှင်ရွှင်ကစားနိုင်ရန် စီစဉ်ပေးရပါမည်။ ထိုသို့ အားပေးသည့်ကျောင်းကို ရွေးပြီး မိမိကလေးကို ထားစေချင်ပါသည်။ ထိုသို့ ဉာဏ်မျက်စိဖွင့်ပေးသော ကျောင်းများအဖြစ် ယနေ့မြန်မာ့ကျောင်းများကို ပညာရေးဝန်ကြီးဌာနကလည်း မဖြစ်မနေအသွင်ပြောင်းပေးရန် လိုအပ်ပါသည်။

လူ့သက်တမ်း၏ လေးပုံတစ်ပုံသာ ကျောင်းတွင်နေရသည်ဖြစ်၍ ကျောင်းပြင်ပ လူ့အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပြီး အသက်ရှင်သွားရမည့် လူ့သက်တမ်းက ကျောင်းတွင်နေရသည်ထက် ပိုကြာပါသည်။ ထို့ကြောင့် လူအများကြား သွားတတ်၊ လာတတ်၊ နေထိုင်တတ်ပါမှ လူမှုဆက်ဆံရေး၊ ပြည်သူ့နီတိ၊ ကိုယ်ကျင့်တရား၊ လောကဝတ်၊ ယဉ်ကျေးပျူငှာခြင်းနှင့် သည်းခံနိုင်မှုများကို ပိုမိုရင့်သန်စေနိုင်ပါသည်။

လူအချင်းချင်း အပြန်အလှန်နားလည်မှုကို ကျောင်းတက်ရင်း၊ စာသင်ရင်း လက်တွေ့ကျင့်သုံးတတ်စေရန် လေ့ကျင့်ပေးနေခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် "**ကျောင်းဆိုသည်မှာ အနာဂတ်လူ့အဖွဲ့အစည်းနှင့် တစ်ကိုယ်ရေဘဝအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်ပေးသောနေရာ**"ဖြစ်၍ ဖြစ်ပါသည်။ ထိုပြည်သူ့နီတိ၊ ယဉ်ကျေးမှုပျူငှာမှုနှင့် ကိုယ်ကျင့်တရားကောင်းမွန်မှုများ အထုံဖြစ်လာပြီဆိုလျှင် မိမိတို့သားသမီးများ ပွင့်သည့်ဉာဏ်ဖြင့် လောကကိုကြည့်တတ်သည့် လူကောင်းလူတော်များ ဖြစ်လာကြပေပြီ။

**ကမ္ဘာ့ရွာကြီးတွင် ကြွားကြွားဝင့်ဝင့်ထူထောင်နိုင်မည်**

လူကောင်းဆိုသူများသည် ဆိုးသွမ်းသူများ သွားသည့်အရပ်ဖြစ်သော ထောင်နှင့် အလှမ်းဝေးပါတော့သည်။ သို့မှသာ ကျောင်းသည် ထောင်နှင့် မန္တိုင်းယှဉ်အပ်သော နေရာအဖြစ် ထာဝရရပ်တည်နေမည်။ ထို့ကြောင့် မြန်မာ့ကလေးများ အလိမ္မာအပေါင်း ခညောင်းပြီး ပညာကောင်းသည့် တန်ဖိုးမြင့်နိုင်ငံသား ကိုယ်ရည်ကိုယ်သွေးများ ပိုင်ဆိုင်ရန်အတွက် မြန်မာ့ပညာရေးလောကတွင် ဉာဏ်မျက်စိကို ပွင့်စေသော ကျောင်းကောင်းများ၏ စာသင်ခန်းများ များများဖြစ်ထွန်းနေစေရန် မိဘနိုင်ငံသားများကလည်း ပညာရေးဌာနနှင့် ဝိုင်းဝန်းပံ့ပိုးတည်ထောင်နိုင်ရပါလိမ့်မည်။ စိတ်ဓာတ်ရေးရာတွင် အဆင့်အတန်းမြင့်မားသည့်၊ တစ်နည်းအားဖြင့် လူ့အဖွဲ့အစည်းကောင်းကျိုးသယ်ပိုးလိုသည့် လူကောင်းလူတော်များ ပေါကြွယ်ဝနေမှသာ ယနေ့ (၂၁) ရာစု၌ ယခုဆောင်းပါးအစတွင် ရစ်ချက်အာဂရင်း ပြောကြားခဲ့သည့် ကမ္ဘာ့အနာဂတ် "ကောင်းကျိုးသက်ရောက်မှုကို အာမခံနိုင်သည့်" ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် မြန်မာ့ရပ်ကွက်ကို ကမ္ဘာ့ရွာကြီးတွင် ကြွားကြွားဝင့်ဝင့်ထူထောင်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ "**မြန်မာ့လူ့အဖွဲ့အစည်းတိုးတက်ဖွံ့ဖြိုးမှုအစ၊ ဉာဏ်မျက်စိဖွင့်ပေးသည့် ကျောင်းများက**" ဟု ကျွန်တော်၏ ပညာရေးအမြင်ကို ရေးသားတင်ပြလိုက်ရပါသည်။ ။

# (၁၇) ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ “World Rabies Day” အခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ၂၈**

ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ကို နှစ်စဉ် စက်တင်ဘာ ၂၈ ရက်၌ ကျင်းပလျက်ရှိရာ (၁၇)ကြိမ်မြောက် ၂၀၂၃ ခုနှစ် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့တွင် Rabies: ALL FOR 1, ONE HEALTH FOR ALL, **“ခွေးရူးရောဂါတိုက်ဖျက်ရေး၊ တက်ညီလက်ညီပါဝင်ပေး၊ တစ်ခုတည်းသော ကျန်းမာရေး”** ဆောင်ပုဒ်ဖြင့် နေပြည်တော်ရုံး အမှတ်(၃၆)တွင် ကျင်းပသည်။



အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တာဝန်ရှိသူများ၊ ခေတ်ခွဲခန်းတာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာလုံးဆိုင်ရာ ခွေးရူးရောဂါထိန်းချုပ်ရေးအဖွဲ့(Global Alliance on Rabies Control)က ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ (WOAH)၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ပုဒ်များသတ်မှတ်ကာ ခွေးရူးရောဂါ ကာကွယ်ရေးနှင့် ပတ်သက်သည့် အသိပညာများ တိုးပွားလာစေရေး လှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိကြောင်း။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(WOAH)တို့ ပူးပေါင်း၍ မိတ်ဖက်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များကို ဖိတ်ကြားပြီး မိမိတို့နိုင်ငံအတွက် ခွေးရူးရောဂါ လျော့ကျသွားစေရေး ကြိုးပမ်းမှုတွင် အဓိကမဏ္ဍိုင်ဖြစ်လာမည့် **“အမျိုးသားအဆင့် ခွေးရူးရောဂါ ထိန်းချုပ်ရေး အစီအမံ”** (National Action Plan for Rabies Elimination in Dog) ကို stakeholder consultation meeting (၃)ကြိမ်ကျင်းပကာ ၂၀၁၈ ခုနှစ်တွင် အပြီးသတ်ရေးဆွဲအတည်ပြုနိုင်ခဲ့ပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါကင်းစင်သော နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ရေး အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

တိရစ္ဆာန်မှတစ်ဆင့် လူကိုကူးစက်သည့် ရောဂါဖြစ်သော ခွေးရူးရောဂါကြောင့် ဆုံးရှုံးမှုလျော့ပါးလာစေရေး ဆောင်ရွက်ရာတွင် အစိုးရ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိက မွေးမြူရေးသမားများ၊ နိုင်ငံတကာအထောက်အပံ့ပေးသူများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအားလုံး ဟန်ချက်ညီညီ အတူတကွ ပူးပေါင်းလက်တွဲဆောင်ရွက်မှသာ ရေရှည်တည်တံ့သည့် ထိရောက်အောင်မြင်မှုမျိုး ရရှိမည်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါကူးစက်မှု “သုည” ထားရှိသော ကမ္ဘာလုံးဆိုင်ရာ ရည်မှန်းချက် အောင်မြင်မည်ဖြစ်၍ **“ခွေးရူးရောဂါတိုက်ဖျက်ရေး၊ တက်ညီလက်ညီပါဝင်ပေး၊ တစ်ခုတည်းသောကျန်းမာရေး”** ဟူသော ဆောင်ပုဒ်နှင့်အညီ အားလုံးလက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဒေသအလိုက် ခွေးရူးရောဂါတိုက်ဖျက်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ထန်းတပင်မြို့နယ်၌ သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ပျိုးမှုများအား ကွင်းဆင်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးငွေရယူ၍ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော သမဝါယမအသင်းသား တောင်သူ ၁၁၇ ဦးရှိပြီး စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကြို့ကုန်းကျေးရွာအုပ်စုရှိ တောင်သူများ၏ မိုးစပါးစိုက်ပျိုးမှုအခြေအနေများကို တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဇော်နှင့် အောင်နိုင်သစ္စာကုမ္ပဏီမှ တာဝန်ရှိသူများက ကြို့ကုန်းကျေးရွာတွင် ကြို့ကုန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ အသင်းသား တောင်သူ ၅၃ ဦး စိုက်ပျိုးထားသည့် ဆင်းသုခစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မိုးစပါးများ အောင်မြင်စွာစိုက်ပျိုးနိုင်ရေး၊ သွင်းအားစုများအား အချိန်အခါနှင့်အညီ စနစ်တကျအသုံးပြုသွားရန်နှင့် ပျက်စီးလေလွင့်မှုနည်းအောင် ဆောင်ရွက်သွားရန်တို့ကို အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထန်းတပင်မြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးငွေရယူ၍ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မိုးစပါးစိုက်ဧက ၁၁၂၀ အထိ စိုက်ပျိုးထားရှိကြောင်းလည်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**



## အင်္ဂပူမြို့နယ်တွင် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခွေးရူးရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေး

အင်္ဂပူ စက်တင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခွေးရူးရောဂါ ကာကွယ်ဆေး(အခမဲ့)ထိုးနှံခြင်းများကို ယနေ့ နံနက်ပိုင်းက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။

“ခွေးရူးရောဂါ တိုက်ဖျက်ရေး၊ တက်ညီလက်ညီ ကာကွယ်ပေး၊ တစ်ခုတည်းသော ကျန်းမာရေး” ဆောင်ပုဒ်နှင့်အညီ ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါ လျော့နည်းပပျောက်သွားစေရန် ရည်ရွယ်၍လည်းကောင်း၊ ခွေးရူးရောဂါကြောင့် အသက်ဆုံးရှုံးမှုမရှိစေရန် တိရစ္ဆာန်များမှတစ်ဆင့် ရောဂါကူးစက်မှုမရှိစေရန်အတွက်လည်းကောင်း၊ ခွေးနှင့် ကြောင်များအား ကာကွယ်ဆေးများ အခမဲ့ထိုးနှံခြင်းဖြစ်ကြောင်းနှင့် မြို့ပေါ်ရပ်ကွက်ရှိ ခွေးအကောင် ၅၀ အား ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာ ဇာနည်အောင်ထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အဖြစ် ခွေးနှင့်ကြောင်များကို ကာကွယ်ဆေးများ ထိုးနှံပေး

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ခွေးရူးရောဂါ ပပျောက်နိုင်စေရန် ရည်ရွယ်၍ (၁၇)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခွေးနှင့်ကြောင်များအား ကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီက အင်းစိန်မြို့နယ် ရွာမတိုက်ခွဲ သီလဝိသုဒ္ဓိ ဘုန်းတော်ကြီးကျောင်းနှင့် ရပ်ကွက်များရှိ သတ်မှတ်ထားသည့် နေရာတို့၌ ကွင်းဆင်းထိုးနှံပေးသည်။



ထိုသို့ ထိုးနှံပေးရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၃၀ ပြည့်နှစ်တွင် **“ခွေးရူးရောဂါ တိုက်ဖျက်ရေး၊ တက်ညီလက်ညီ ပါဝင်ပေး၊ တစ်ခုတည်းသော ကျန်းမာရေး”**ဆောင်ပုဒ်နှင့်အညီ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ခရိုင်ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ နီလာလတ်၊ မြို့နယ် ဦးစီးအရာရှိ ဒေါက်တာကျော်ကျော်ခိုင်နှင့် ဝန်ထမ်းများက ရပ်ကွက်များအတွင်းရှိ သတ်မှတ်ထားသည့် နေရာများတွင် ခွေးနှင့် ကြောင် အကောင် ၁၅၀ ကို အခမဲ့ ကွင်းဆင်းထိုးနှံပေးခဲ့သည်။

ထို့နောက် ခွေးနှင့်ကြောင် ပိုင်ရှင်များအား ခွေးရူးရောဂါ ကာကွယ်ရေး အသိပညာပေး သိကောင်းစရာများ ပါဝင်သည့် ခွေးရူးရောဂါ ကာကွယ်တားဆီးရေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

ပြည့်ဝဆီများကို
တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ
စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၈**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ် တက္ကသိုလ်အဆင့် ရည်ညွှန်း စာစောင်များနှင့် အထက်တန်းအဆင့် ရည်ညွှန်း စာစောင်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ရုံးအမှတ် (၂၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေး၊ ကော်မရှင်အဖွဲ့ဝင်နှင့် အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေး အသိပညာပေး ဆောင်ရွက်ရာတွင် ရည်ညွှန်း ကိုးကားနိုင်ရန်နှင့် နည်းပညာ တက္ကသိုလ်များ၊ ကောလိပ်များ၊ သိပ္ပံများနှင့် အထက်တန်းကျောင်းများတွင် ဆွေးနွေးသင်ကြားနိုင်ရန် ရည်ရွယ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှု လျော့နည်းပပျောက်စေရေး ဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုကို မြှင့်တင်သည့် အပြုသဘောဆောင်သည့် နည်းလမ်းများကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေး ဆောင်ရွက်ရာတွင် လူငယ်များ၏ ပါဝင်ဆောင်ရွက်နိုင်မှု အခွင့်အလမ်းကိုလည်း မြှင့်တင်ပေးသင့်ကြောင်း၊ လူငယ်များကို အကျင့်ဖောက်ပြန်မှုဖြစ်သည့် အဂတိလိုက်စားမှု၏ ဆိုးကျိုးအန္တရာယ်များအကြောင်းနှင့်စပ်လျဉ်း၍ နားလည်သဘောပေါက်စေရန် လက်ဆင့်ကမ်းမျှဝေပေးဖို့ လိုအပ်ကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် ကြိုတင်တားဆီးကာကွယ်ခြင်းသည် ထိရောက်သည့် လုပ်ငန်းစဉ်ဖြစ်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့များကို ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်များတွင် ဖွဲ့စည်းခဲ့ပြီး ယင်းတို့၏ လုပ်ငန်းတာဝန်နှင့် အစီအစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်က လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။




ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်ထံသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရည်ညွှန်းစာစောင်အုပ် ၆၀၀ ကို လွှဲပြောင်းပေးအပ်သည်။

**အထောက်အကူပြုမည်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယနေ့လွှဲပြောင်းပေးအပ်သည့် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များသည် ရည်ရွယ်ချက်ကောင်းများဖြင့် ပြုစုထုတ်ဝေခြင်းဖြစ်သည့်အတွက် ကျောင်းသားလူငယ်များ အဂတိလိုက်စားမှုကင်းစင်ပြီး ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ကောင်းမွန်သည့် နိုင်ငံသားကောင်း ဖြစ်လာစေရေးကို အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် တက္ကသိုလ်အဆင့် ရည်ညွှန်းစာစောင်များကို သက်ဆိုင်ရာ တက္ကသိုလ်များသို့ ဆက်လက်ပေးပို့ဖြန့်ဝေပြီး တက္ကသိုလ်စာကြည့်တိုက်များတွင် ထားရှိကာ ကျောင်းသားများ ဖတ်ရှုလေ့လာစေ၍ အသိပညာပေးဆိုင်ရာ အခမ်းအနားများ၊ ဆွေးနွေးပွဲများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# သတင်းမှားများ ကိုင်တွယ်ဖြေရှင်းရန် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်/သံလွှင့်အဖွဲ့အစည်း(Asia–Pacific Institute for Broadcasting Development– AIBD)တို့ ပူးပေါင်းပြီး သတင်းမှားများ ကိုင်တွယ်ဖြေရှင်းရန် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ “Workshop on Media Literacy to address disinformation”ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော် Horizon Lake View Hotel, State Meeting Room 2 ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ Workshop Consultant Associate Professor Dr. Sara Chinnasamy နှင့် Program Manager Ms. Monica Phang၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလွှင့်အဖွဲ့အစည်းများ၊ Content Provider များ၊ မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း(MBA)နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရရှိလာသည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး Workshop အကြံပေးကျွမ်းကျင်ပညာရှင် Dr. Sara Chinnasamy က သင်တန်းဆိုင်ရာများကို ပြောကြား၍ တက်ရောက်လာကြသည့်သင်တန်းသားသင်တန်းသူများကိုယ်စား မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းမှ ဦးရဲနိုင်စိုးက ကျေးဇူးတင်စကားပြောကြားသည်။




ထို့နောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဆွေးနွေးပွဲကို တက်ရောက်လာကြသူများအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ မီဒီယာလောကတွင် စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့် မီဒီယာသိနားလည်မှုနှင့်စပ်လျဉ်း၍ပိုမိုနားလည်သဘောပေါက်မှုများရရှိမည်ဟု ယုံကြည်ပါကြောင်း၊ အရေးကြီးသည့် ထိုးထွင်းသိမြင်မှုများနှင့် အရေးယူဆောင်ရွက်ရမည့်အချက်များဖြစ်သည့် သတင်းပညာ၏ ဓမ္မဓိဋ္ဌာန်ကျမှုနှင့် content များအပေါ် တန်ဖိုးထားမှုများ၊ လိမ်လည်မှု ပစ်မှတ်များ၊ ကောလာဟလ သတင်းများ၊ သတင်းမှား ခွဲခြားဖော်ထုတ်ရန် နည်းလမ်းများနှင့် ပင်မမီဒီယာ၏ သတင်းတင်ဆက်မှုတွင် ယုံကြည်လက်ခံလာစေရန် နည်းလမ်းများ မြှင့်တင်ခြင်းစသည့် အကြောင်းအရာများကို ယခုဆွေးနွေးပွဲမှ အသားပေးဖော်ထုတ်ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ နှစ်ရက်တာ ဆွေးနွေးပွဲမှ ရရှိလာသည့် ရလဒ်များကို နေ့စဉ်အစီအစဉ် ထုတ်လုပ်ခြင်းနှင့် သတင်းတင်ဆက်ခြင်း စသည့် လုပ်ငန်းခွင်များအတွက် ထိထိရောက်ရောက် အသုံးပြုနိုင်လိမ့်မည်ဟုလည်း ယုံကြည်မိပါကြောင်း၊ နောင်အနာဂတ်တွင်လည်း ယခုကဲ့သို့ ဆွေးနွေးပွဲမျိုးကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် AIBD တို့ အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် Workshop အကြံပေး ကျွမ်းကျင်ပညာရှင် Dr. Sara Chinnasamy က တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများအား သင်တန်းပြီးမြောက်ကြောင်း အသိအမှတ်ပြုလွှာများ ပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးရဲတင့်က Workshop အကြံပေးကျွမ်းကျင်ပညာရှင် Dr. Sara Chinnasamy နှင့် Program Manager Ms. Monica Phang တို့ကို ဂုဏ်ပြုအမှတ်တရ လက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က “မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ တာဝန်များနှင့် သက်ဆိုင်ရာနယ်ပယ်များနှင့် ဆက်သွယ်မှုများ”ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးသူ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ မြင်းမူမောင်နိုင်မိုး ကိုလည်းကောင်း၊ “သတင်းထုတ်ပြန်ရေးကန့်သတ်ချက်များနှင့် အစိုးရနှင့် ပုဂ္ဂလိကမီဒီယာများ၏ ကိုယ်ပိုင်သတ်မှတ်ချက်များ” ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးသူ Forever Group မှ အထွေထွေမန်နေဂျာ ဦးကျော်ကျော် ကိုလည်းကောင်း၊ “ကန့်သတ်ချက်များကို ရင်ဆိုင်ဖြေရှင်းခြင်း” ခေါင်းစဉ်နှင့် ပတ်သက်၍ ဦးဆောင်ဆွေးနွေးသူ ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်ကြေးမုံ ကိုလည်းကောင်း အမှတ်တရလက်ဆောင်များ ချီးမြှင့်သည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများကို အမှတ်တရလက်ဆောင်များပေးအပ်၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် AIBD ၏ တင်းပြည့် အဖွဲ့ဝင်အဖြစ် ၁၉၉၇ ခုနှစ် ဇူလိုင် ၂၉ ရက်က ဝင်ရောက်ခဲ့ကာ ဒေသတွင်း နိုင်ငံများနှင့် မီဒီယာကဏ္ဍ ဆက်ဆံရေးနယ်ပယ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတည်ဆောက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရုပ်သံမီဒီယာများ၏ အခန်းကဏ္ဍနှင့် စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အလုပ်ရုံဆွေးနွေးပွဲများကို ယခုကဲ့သို့ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်အောင်မြို့နယ်၌ တံတားတည်ဆောက်ခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**မြန်အောင် စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် စမ်း-ကံကြီး-အင်ပင်လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းနှင့် မြန်အောင်-ကွင်းကြီးဒေါင့်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွေးကိုကို၊ ဟင်္သာတခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကိုကိုသိန်းဇော်လင်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြန်အောင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သော မြန်အောင်မြို့နယ် စမ်း-ကံကြီး-အင်ပင်လမ်းပေါ်ရှိ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း အလျား ပေ ၆၀၊ အကျယ် ပေ ၂၀၊ အမြင့် ၁၂ ပေ ပထမပိုင်း ဆောင်ရွက်ပြီးစီးမှုနှင့် မြကျောက္ကာကုမ္ပဏီက တာဝန်ယူဆောင်ရွက်သော မြန်အောင်-ကွင်းကြီးဒေါင့်လမ်း ကွန်ကရစ်ခင်းခြင်း အရှည် ၀/၃ မိုင် x အကျယ် ၁၄ ပေ x အမြင့် ၇ လက်မ ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(မြန်အောင်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်ရှိ ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၃)သို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၈**

နေပြည်တော်ရှိ ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၃/၂၀၂၃)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီ အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်၊ နေပြည်တော်ရှိ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်သူများ၏ စားဝတ်နေရေး ပြေလည်စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးကို အလေးထား ဆောင်ရွက်စေလိုကြောင်း၊ ပြည်သူများအား အခြေခံစားသောက်ကုန်များကို သက်သာသောနှုန်းထားများဖြင့် စနစ်တကျ ရောင်းချပေးနိုင်ရေးနှင့် စားသောက်ကုန်များသည် ကျန်းမာရေးနှင့် ကိုက်ညီသည့် အစားအသောက်များဖြစ်ရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါအတွင်း ထိခိုက်ဆုံးရှုံးခဲ့ရသည့် စီးပွားရေးကို ပြန်လည်ကုစားရာတွင် ခရီးသွားလုပ်ငန်းကို ဦးစားပေးကဏ္ဍအတွင်း ထည့်သွင်းဆောင်ရွက်လျက် ရှိကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် သဘာဝပတ်ဝန်းကျင်ကောင်းများရှိသည့် မြို့တော်ဖြစ်သည့်အလျောက် ခရီးသွားလုပ်ငန်းများ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံရာတွင် ခရီးသွားလုပ်ငန်းမှ အားသာချက်များ၊ အားနည်းချက်များကို သုံးသပ်ပြီး ဌာနဆိုင်ရာများက အလေးအနက်ထား စီမံဆောင်ရွက်ပေးကြစေလိုကြောင်း၊ မြို့တော်သန့်ရှင်းသာယာလှပရေးအတွက် အမြဲမပြတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရေး၊ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍအပါအဝင်ကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဌာနဆိုင်ရာများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြ စေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်ရှိ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက စာမတတ်မြောက်မှုမရှိစေရေး ('အ' သုံးလုံး) ပညာရေးကဏ္ဍ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ သန်းခေါင်စာရင်းကောက်ယူမှု အခြေအနေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆောင်ရွက်ထားရှိမှုအခြေအနေ၊ မြို့တော်သန့်ရှင်းသာယာရေး လုပ်ငန်းဆောင်ရွက်ချက်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စရပ်များ၊ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များ၊ နေပြည်တော်အတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စများကို သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေး တင်ပြကြသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသကျေးရွာများ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၈**

နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ပြည်ထောင်ကိုးကျေးရွာအုပ်စု ဝေသာလီကျေးရွာ၌ ရောက်ရှိနေသည့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျေးရွာရှိ ရွှေဘုံသာကျောင်းတိုက်၌ ပြည်ထောင်ကိုးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခွဲတာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူလူထုတို့နှင့် တွေ့ဆုံသည်။



ထိုသို့ တွေ့ဆုံစဉ် နေပြည်တော်ကောင်စီဝင်က ယခင်ခရီးစဉ်များတွင် ကျေးရွာအုပ်စုများသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ယခုအခါ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအထိ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေးနှင့် သောက်သုံးရေရရှိရေး စသည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအချက်မှာ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးဖြစ်ကြောင်း၊ ပညာရေးကဏ္ဍတွင် မြို့ပြနှင့် တောင်ပေါ်ကျေးလက်ဒေသကွာဟမှုမဖြစ်စေရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခင်လာရောက်သည့်ခရီးစဉ်တွင် မြသီတာကျေးရွာနှင့် ပြဒါးချောင်းကျေးရွာတို့မှ ပြည်သူလူထုများက တင်ပြကြသည့် လိုအပ်ချက်များအနက် တစ်ခုဖြစ်သည့် လျှပ်စစ်မီးရရှိရေးကို ယခုခရီးစဉ်တွင် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့တွင် ထိုကျေးရွာများ၌ ရာနှုန်းပြည့်လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပေးနိုင်ရန်အတွက် နယ်မြေဒေသတည်ငြိမ်အေးချမ်း လုံခြုံရေးသည်လည်း အရေးကြီးသည့်အတွက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတစ်သားတည်းရှိရန်နှင့် ပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ထို့ပြင် ပြည်ထောင်ကိုးကျေးရွာအုပ်စုအတွင်းရှိ တောင်ပေါ်ကျေးရွာများသည် သာယာလှပသည့်အတွက် ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွားများ ပါစိတ်ဝင်စားပြီး လာရောက်လည်ပတ်နိုင်ရေးနှင့် လူထုဗဟိုပြု ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် ပြည်ထောင်ကိုးကျေးရွာအုပ်စု ဝေသာလီကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအတွက် ပန်းပေါင်းစုံဘုရားဆင်းတုတော်များ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ သုတ၊ ရသစာအုပ်များ၊ ဆေးစိမ်ခြင်ထောင်များ၊ ဆေးဝါးများ၊ မျိုးစေ့များ၊ First Aid Kit များ၊ အသက်(၈၅)နှစ်နှင့်အထက် သံဃာတော်နှင့် အဘိုးအဘွားများအတွက် ထောက်ပံ့ငွေများနှင့် ပန်းခင်းစီမံချက်(၂)ဖြင့် ဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ထောက်ပံ့လှူဒါန်းပေးအပ်ကြရာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာခွဲတာဝန်ခံ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက လက်ခံရယူကြသည်။

ယင်းနောက် ပြည်ထောင်ကိုးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးစေလိုသည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအစဉ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး ဝေသာလီကျေးရွာ ဒေသခံတိုင်းရင်းသားပြည်သူလူထုကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ နေပြည်တော်ကောင်စီဝင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် ဝေသာလီကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်ကာ ပျဉ်းမနားတောင်ပေါ်ဒေသကျေးရွာများရှိ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စာပေသင်ကြားသင်ယူနေမှု အခြေအနေများကို မေးမြန်းကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသုံးစာရေးကိရိယာများ၊ သုတ၊ ရသစာအုပ်များ၊ စာစောင်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကိုပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသားကျောင်းသူများက လက်ခံရယူကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် နေပြည်တော်လမ်းဦးစီးဌာနနှင့် ကျေးလက်လမ်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဝေသာလီကျေးရွာအဝင်လမ်းနှင့် ဝေသာလီအခြေခံပညာမူလတန်းလွန်ကျောင်းအဝင်လမ်းကို ကွန်ကရစ်လမ်းတိုးချဲ့ခင်းရန် တိုင်းတာခြင်း၊ နေပြည်တော်ကုသရေးဦးစီးဌာန နယ်လှည့်ဆေးကုသရေးအဖွဲ့က ဝေသာလီကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် အခြေအနေများနှင့် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျေးလက်ကုန်ထုတ်လမ်း(ကွန်ကရစ်လမ်း)လုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**ကျိုက်ထို စက်တင်ဘာ ၂၈**

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေ ၁၀၂ ဒသမ ၆ သန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက ဆောင်ရွက်သည့် ကျိုက်ထိုမြို့နယ် အင်းဝကျေးရွာကုန်ထုတ်လမ်း( ၃၀၀၀' x ၁၂' x ၆" ) (ကွန်ကရစ်လမ်း) လုပ်ငန်းဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ သွားလာရလွယ်ကူစေရေးအတွက် အဆိုပါလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျေးရွာနေအိမ်ထောင်စု ၁၁၅ စု၊ လူဦးရေ ၅၂၈ ဦးတို့အတွက် အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း သိရသည်။ ၂၂၂

ဆည်မြောင်းချောင်းကန်
ရေပြည့်လျှံ
တမံသဘော ရေထိန်းတော။

# SIM Card များကို စနစ်တကျ မှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း အမိန့်ကြော်ငြာစာထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
အမိန့်ကြော်ငြာစာအမှတ်(၁၈ /၂၀၂၃)
၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)

**SIM Card များကို စနစ်တကျ မှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများကို မှန်ကန်စွာ အသုံးပြုလျက်ရှိသည့် သုံးစွဲသူများကို အကာအကွယ်ပေးနိုင်ရန် မိုဘိုင်းဆက်သွယ်ရေးစနစ်ကို အခြေခံသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ e-commerce လုပ်ငန်းများနှင့်စပ်လျဉ်း၍ သုံးစွဲသူများကို လိမ်လည်မှုများမှ ကာကွယ်ပေးနိုင်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ရာတွင် အထောက်အကူပေးနိုင်ရန်တို့အတွက် ရည်ရွယ်ပြီး မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများမှ SIM Card ရောင်းချရာတွင် လိုက်နာရမည့် အမိန့်နှင့် ညွှန်ကြားချက်များအား ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် ယခုအခါ မိုဘိုင်း SIM Card များအား ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်ခြင်းမပြုဘဲ SIM Card အရောင်းဆိုင်များ၊ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏ Points of Sales (POS)များ၊ မိုဘိုင်း Hand Set အရောင်းဆိုင်များအပြင် ဈေးများနှင့်လမ်းဘေးဆိုင်များတွင် လည်းကောင်း၊ Online တွင်လည်းကောင်း ဆက်လက်၍ ရောင်းချလျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ ထိုသို့ SIM Card များအား စနစ်တကျမှတ်ပုံတင်ခြင်းမပြုဘဲ ဝယ်ယူသုံးစွဲနိုင်ခြင်းကြောင့် ဝယ်ယူအသုံးပြုမည့် အများပြည်သူများအနေဖြင့် အဆိုပါ SIM Card နှင့် ချိတ်ဆက်အသုံးပြုလျက်ရှိသည့် ငွေကြေးဝန်ဆောင်မှုများသာမက အခြားသော Online ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ လိမ်လည်မှုခံရနိုင်သည့်အပြင် ရာဇဝတ်မှုများကို နှိမ်နင်းနိုင်ရန်အတွက် ဥပဒေနှင့်အညီ စုံစမ်းမှုများပြုလုပ်ရာတွင်လည်း အခက်အခဲများ ရှိလာပါသည်။ ထို့အပြင် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို အသုံးပြုပြီး ဆက်သွယ်ရေးကွန်ရက်ပေါ်မှ ရာဇဝတ်မှုများ၊ အကြမ်းဖက်လုပ်ဆောင်မှုများနှင့် ခြိမ်းခြောက်အန္တရာယ်ပြုမှုများ ပိုမိုပြုလုပ်လာကြသည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်လာပါသည်။ ထို့ကြောင့် SIM Card များကို စနစ်တကျမှတ်ပုံတင်၍ ရောင်းချခြင်းနှင့်စပ်လျဉ်း၍မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၊ ၎င်းတို့နှင့်တရားဝင်စာချုပ် ချုပ်ဆိုထားသည့် အရောင်းကိုယ်စားလှယ်များနှင့် အရောင်းဆိုင်များသာမက အများပြည်သူများအပါအဝင် မည်သူမဆို သိရှိလိုက်နာရန် လိုအပ်လာပါသည်။

၃။ သို့ဖြစ်ပါ၍ မိုဘိုင်း SIM Card များ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏ အရောင်းဆိုင်များ၊ မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများနှင့် တရားဝင်စာချုပ်ချုပ်ဆိုထားသည့် အရောင်းကိုယ်စားလှယ်များနှင့် အရောင်းဆိုင်(Points Of Sales)များသည် Customer Registration ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ပြီးမှသာ ရောင်းချရမည်။ ထိုသို့ရောင်းချမှုတွင် အသစ်ထုတ်ဝေရောင်းချမည့် SIM Card ဖြစ်စေ၊ လက်ရှိဖြန့်ဝေထားသည့် SIM Card ဖြစ်စေ အကျုံးဝင်စေရမည်။

(ခ) မည်သူမဆို မှတ်ပုံတင်ထားခြင်းမရှိသည့် သို့မဟုတ် လိမ်လည်၍ မှတ်ပုံတင်ထားသည့် သို့မဟုတ် Customer Registration ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို ရောင်းချခြင်း မပြုရ။

၄။ မည်သူမဆို Customer Registration ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ထားသည့် SIM Card ကို တစ်ဆင့်လွှဲပြောင်းရာတွင် ရယူအသုံးပြုသူ၏ အချက်အလက်အမှန်ဖြင့် Customer Registration ညွှန်ကြားချက်များနှင့်အညီ ပြန်လည်မှတ်ပုံတင်ရမည်။

၅။ မည်သူမဆို အပိုဒ် ၃ နှင့် အပိုဒ် ၄ ပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရပါက ဆက်သွယ်ရေး ဥပဒေပုဒ်မ ၇၂ အရ အရေးယူခြင်းခံရမည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# ၂၀၂၃ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၈**

၂၀၂၃ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အခမ်းအနား (World Maritime Day 2023) ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဒေသတွင်းနိုင်ငံများနှင့် ပြည်တွင်းရှိ ရေကြောင်းဘက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ သင်တန်းကျောင်းများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများမှ တာဝန်ရှိသူများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်ဝန်ထမ်းများ၊ အလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



**ရည်ရွယ်ခြင်းဖြစ်**

ဦးစွာ ဒုတိယဝန်ကြီးက ၂၀၂၃ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အထိမ်းအမှတ် ဆောင်ပုဒ်မှာ **“MARPOL ကွန်ဗင်းရှင်း နှစ်ငါးဆယ်၊ ဒို့ကတိအတိုင်း ရှေ့ဆက်မယ်”** ဟူ၍ ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂ၏ ၂၀၃၀ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၁၇)ချက်တို့နှင့်အညီ ကျွန်ုပ်တို့၏ ကမ္ဘာမြေကို ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ ပင်လယ်သမုဒ္ဒရာများကို ကာကွယ်ခြင်းနှင့် ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ခြင်းတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း။

MARPOL ကွန်ဗင်းရှင်းသည် သင်္ဘောများကြောင့် ဖြစ်ပွားသော ဆီယိုဖိတ်မှုများ၊ အဆိပ်အတောက်ဖြစ်စေသောအရည်များ၊ ထုပ်ပိုးမှုပုံစံဘေးအန္တရာယ်ရှိကုန်စည်များ၊ မိလ္လာနှင့် စွန့်ပစ်အမှိုက်များအပါအဝင် အခြားသော အရင်းအမြစ်များမှ ဖြစ်ပွားသော ရေထုညစ်ညမ်းမှု လျှော့ချရာမှာ အဓိကကျသော ကွန်ဗင်းရှင်းဖြစ်ပါကြောင်း၊ ယနေ့အထိ MARPOL ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၁ နိုင်ငံရှိပြီး ကမ္ဘာ့ကုန်သည် သင်္ဘောတန်ချိန် စုစုပေါင်း၏ ၉၈ ဒသမ ၈၉ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ ၁ နှင့် ၂ ကို ၁၉၈၈ ခုနှစ်တွင် လည်းကောင်း၊ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ ၃၊ ၄ နှင့် ၅ တို့ကို ၂၀၁၆ ခုနှစ်တွင် လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များကို ရေထုညစ်ညမ်းမှုဆိုင်ရာ ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

MARPOL ကွန်ဗင်းရှင်း နှစ် (၅၀) ပြည့် အမွေအနှစ်ကို ဂုဏ်ပြုသည့် အနေဖြင့် MARPOL အခြေခံမူများနှင့် ရည်မှန်းချက်များကို ဆက်လက်ထိန်းသိမ်းကြရန်လိုအပ်ကြောင်း၊ MARPOL ကွန်ဗင်းရှင်းသည် ဥပဒေဆိုင်ရာ စာချုပ်စာတမ်း တစ်ခုသာမက သာယာဝပြောသည့် အဏ္ဏဝါပတ်ဝန်းကျင်အတွက် မိမိတို့၏ တန်ဖိုးထားမှုများနှင့် မျှော်မှန်းချက်တို့၏ ရောင်ပြန်ဟပ်မှုတစ်ခုလည်းဖြစ်ကြောင်းနှင့် MARPOL ကွန်ဗင်းရှင်းနှင့် မိမိတို့၏ကမ္ဘာမြေအပေါ် ကတိပြုထားကြသည့်အတိုင်း သဘာဝနှင့်သဟဇာတဖြစ်သည့် ရေကြောင်းပို့ဆောင်ရေး ကဏ္ဍကို အတူတကွတည်ဆောက်သွားရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ၂၀၂၃ ခုနှစ် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့အတွက် အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့၏ အထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့လာသော သဝဏ်လွှာ Video Clip ကို ဖွင့်လှစ်ပြသပြီး ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်က ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ ၂၀၂၃ ၏ ဆောင်ပုဒ်ဖြစ်သော **“MARPOL ကွန်ဗင်းရှင်း နှစ်ငါးဆယ်၊ ဒို့ကတိအတိုင်း ရှေ့ဆက်မယ်”** နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အစီအစဉ်အရ ၂၀၂၂ ခုနှစ်အတွင်း မြန်မာသင်္ဘောသားများကို အလုပ်အကိုင်အခွင့်အလမ်း အများဆုံး ရှာဖွေပေးနိုင်သည့် သင်္ဘောသားစုဆောင်းခြင်းနှင့် အလုပ်အကိုင် နေရာချထားခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း (SRPS) ကုမ္ပဏီသုံးခုနှင့် ကိုရီးယားပင်လယ်ပြင်၌ ပင်လယ်ထဲသို့ ပြုတ်ကျခဲ့သည့် သင်္ဘောသားကို သက်စွန့်ဆံဖျားကယ်တင်ခဲ့သည့် ဦးတာရာငယ် (ကုန်းပတ်ကျွမ်းကျင်သင်္ဘောသား) တို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက မြန်မာနိုင်ငံ၏ရေကြောင်းဘက်ဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ အထိမ်းအမှတ်ပြခန်းအတွင်း ပြကွက်တစ်ခုချင်းအလိုက် လိုက်လံကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

**တစ်ပြိုင်တည်းကျင်းပ**

မွန်းလွဲပိုင်းတွင် Myanmar Seafarers Fourm ၊ Stakeholders Consultation Workshop on National Maritime Transport Policy နှင့် Myanmar Port State Control Workshop တို့ကို တစ်ပြိုင်တည်း ကျင်းပသည်။

ညပိုင်းတွင် ရန်ကုန်မြို့ရှိ ရေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (ရုံးချုပ်)၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင် (ရုံးချုပ်)၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတားများနှင့် ဆိုက်ကပ်ထားသောသင်္ဘောများတွင် ကမ္ဘာ့ပင်လယ်ရေကြောင်းနေ့ကို ဂုဏ်ပြုသောအားဖြင့် အပြာရောင်မီးများ ထွန်းညှိခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းကုန်းမြို့ ဒါးကမြစ် သဘာဝရေပြင်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**ကျောင်းကုန်း စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက (ဒါးကမြစ်)သဘာဝရေပြင်နှင့် အင်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ယနေ့နံနက် ၈နာရီခွဲက ကျင်းပသည်။

**ငါးမျိုးစိုက်ထည့်**

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး နေဝင်းနောင်၊ အဖွဲ့ဝင်(၂)ဦးတင်မောင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်လွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြပြီး သဘာဝရေပြင်နှင့် အင်းချောင်းအတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေတစ်သိန်းခွဲနှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ တစ်သိန်းခွဲ စုစုပေါင်းကောင်ရေသုံးသိန်းကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**



## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း မိုးယွန်းကြီးအင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား တက်ရောက်



ပဲခူး စက်တင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့်အတူ စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းက ပဲခူးမြို့နယ် မိုးယွန်းကြီးအင်း အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက် သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ အစိုးရအဖွဲ့ တာဝန်ရှိသူများသည် မိုးယွန်း ကြီးအင်း (ဘေးမဲ့တော)အတွင်းသို့ ဒေသ ငါးမျိုးများဖြစ်သော နှစ် လက်မအရွယ်ရှိ ငါးပြေမအကောင်ရေ တစ်သိန်း၊ ငါးခုံးမကောင်ရေ သုံးသောင်း၊ ငါးဖယ်အောင်း ကောင်ရေ ခုနစ်သောင်း စုစုပေါင်း ငါး ကောင်ရေ နှစ်သိန်း ငါးမျိုးစိုက် ထည့်ပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သဘာဝဘေးမဲ့ တောများသည် သက်ရှိများ၏ အစာကွင်းဆက်များ ပျက်စီးမှုမရှိ စေရေးနှင့် ရေဝေရေလဲဒေသများ ကောင်းမွန်မှုရှိစေရေး ထိန်းသိမ်း ဆောင်ရွက်ရန်၊ မိုးယွန်းကြီးအင်း အတွင်း တရားမဝင်ကျူးကျော် ဝင်ရောက်နေထိုင်မှု၊ ကျူးကျော် စိုက်ပျိုးမှုမရှိစေရေး၊ တရားမဝင် မြေပြုပြင် ဆောင်ရွက်မှုမရှိစေရေး၊ ရှော့တိုက်ငါးဖမ်းခြင်း မရှိစေရေး တာဝန်ရှိသူများအား လမ်းညွှန် မှာကြားခဲ့သည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဘုရားကြီးမြို့ရှိ မျိုးဘဲဖြန့်ဖြူးရေး ခြံသို့ရောက်ရှိရာ ခြံတာဝန်ခံက ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ကာကီကမ်းဘဲလ်(PS) ဥစားဘဲ မျိုးများဝယ်ယူ၍ မျိုးမြှင့်ခြင်း၊ မျိုးစပ်ခြင်း၊ မျိုးထိန်းခြင်းနှင့် ပြန်လည်ဖြန့်ဖြူးခြင်းလုပ်ငန်း များ ဆောင်ရွက်နေမှုအခြေအနေ ကို ရှင်းလင်းတင်ပြရာ တိုင်း ဒေသကြီးဝန်ကြီးချုပ်က ပဲခူး ခရိုင်အတွင်းရှိ မြို့နယ်များတွင် ဥစားဘဲ၊ အသားစားဘဲများ စီးပွား ဖြစ် မွေးမြူရေးခြံများသို့ မျိုးကောင်း မျိုးသန့်များ ဖြန့်ဖြူးပေးသွားရန်၊ အသိပညာပေးခြင်း သင်တန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွား ရန်နှင့် တိုင်းဒေသကြီးအတွင်း ဖွင့်လှစ်ထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်း ကျောင်းမှ မွေးမြူရေးအထူးပြု ကျောင်းသား၊ ကျောင်းသူများအား လက်တွေ့ကွင်းဆင်း လေ့လာနိုင် ရေး ဆောင်ရွက်ရန် လမ်းညွှန်မှာ ကြားခဲ့သည်။ ထို့နောက် တိုင်း ဒေသကြီး ဝန်ကြီးချုပ်သည် မျိုးဥ ထိန်းသိမ်းခန်းများ၊ ဘဲဥဖောက် စက်ရုံနှင့် မျိုးဘဲမွေးမြူရေးခြံများ သို့ လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း အပတ်စဉ်(၂) နှင့် (၃) သင်တန်းဆင်းပွဲအခမ်းအနား တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၂၈**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ ဟိုတယ် သက်မွေး သင်တန်းကျောင်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဖွင့်လှစ် ပို့ချခဲ့သည့် ဟိုတယ်ဝန်ဆောင်မှု ဆိုင်ရာသင်တန်း (အမှတ်စဉ်-၂) နှင့် (အမှတ်စဉ်-၃)၊ Supervisory Skills Training, Sales & Marketing Course သင်တန်းများ၏ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့တွင် အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြား ရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေး မှူးချုပ်များနှင့် ညွှန်ကြားရေး မှူးများ၊ နေပြည်တော်ဟိုတယ် ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟိုတယ် သက်မွေးသင်တန်းကျောင်းမှ သင်တန်းနည်းပြ ဆရာ ဆရာမ များနှင့် သင်တန်းသား သင်တန်း သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယ ဝန်ကြီးက ယခုသင်တန်းများသို့ တက်ရောက်ခဲ့ကြသည့် သင်တန်း သား သင်တန်းသူများအနေဖြင့် သင်တန်းမှရရှိခဲ့သည့် ပညာရပ် များဖြင့် ခရီးသွားဧည့်သည်များ အား ဝန်ဆောင်မှုကောင်းများ ပေးစွမ်းနိုင်ရေး ကြိုးစားကြရမည် ဖြစ်ကြောင်း၊ သင်ကြားခဲ့ရသည့် စာတွေ့၊ လက်တွေ့ သင်ခန်းစာ များကို လုပ်ငန်းခွင်တွင် အကျိုး ရှိရှိ အသုံးချနိုင်ရေးနှင့် ဟိုတယ် ဆိုင်ရာ ဝန်ဆောင်မှုကဏ္ဍတိုးတက် ရေးအတွက် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးကျော်မင်းထွန်း က သင်တန်းများဖွင့်လှစ်သင် ကြားခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီးဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြား ရေးမှူးချုပ်တို့က သင်တန်းသား သင်တန်းသူများကို သင်တန်းဆင်း လက်မှတ်များနှင့် နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌက သင်တန်းနည်းပြ ဆရာ ဆရာမများအား ဂုဏ်ပြု မှတ်တမ်းလွှာများကို ပေးအပ် ချီးမြှင့်ကြပြီး သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူး တင်စကား ပြန်လည်ပြောကြားခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

# လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၂၈

ယနေ့မွန်းလွဲ ၁ နာရီခွဲ အချိန်တိုင်းထွာချက်များအရ ဘင်္ဂလား ပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အရှေ့မြောက်ပိုင်းတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်း ရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာ ၁ ရက်တွင် အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ရောက်ရှိနိုင်ကာ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂၈

အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ၏ အကြိုအလုပ်ရုံဆွေးနွေးပွဲ (Pre-conference Workshop) နှစ်ခုကို စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ တပ်မတော်ဆေးတက္ကသိုလ်၌ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်သည်။ မြန်မာ့ တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲအား အောက်တိုဘာ ၃ ရက်မှ ၅ ရက်အထိ ပြင်ဦးလွင်မြို့ရှိ တပ်မတော် ဆေးရုံ(ခုတင်- ၇၀၀)၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှော ဖလှယ်ပွဲ၌ သုတေသနစာတမ်း ၇၂ စောင်၊ သုတေသနလုပ်ဆောင်ချက် ပိုစတာ ၁၁၄ ခု၊ Symposium of the Conference တစ်ခု၊ Major Symposium တစ်ခု ၊ Symposium ၂၁ ခု၊ Clinicopathological Conference တစ်ခု၊ Clinical Session တစ်ခု၊ Special Talk ၁၀ ခု၊ Debate တစ်ခုတို့ကို ပြည်တွင်း/ ပြည်ပမှ သုတေသီများ၊ ဆေး ဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူ/ ဆေးမှူးများနှင့် သူနာပြုများက ဖတ်ကြား တင်သွင်းဆွေးနွေးကြမည်ဖြစ်သည်။

မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားထားသည့် အငြိမ်းစားအရာရှိကြီး/ အရာရှိများ၊ ပါမောက္ခ ဆရာကြီး/ ဆရာမကြီးများ၊ နှီးနှောဖလှယ်ပွဲ အစီအစဉ်တွင်ပါဝင်သည့် အရာရှိကြီး/ အရာရှိများ၊ Symposium/ စာတမ်း/ ပိုစတာ Present ပြုလုပ်မည့်သူများမှအပ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသည့် အငြိမ်းစားအရာရှိကြီး/အရာရှိများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများနှင့် သူနာပြုများအနေဖြင့် Online မှ တက်ရောက်နိုင်မည်ဖြစ်ပြီး www.dsmrdc.org တွင်ဝင်ရောက်ကြည့်ရှု၍ Registration ပြုလုပ်ရမည်ဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

# သနပ်ပင်မြို့နယ်၌ ဆောင်းမြေပဲ ပန်းတိုင်ရည်မှန်းချက် ပြည့်မီကျော်လွန်ရေး ဆွေးနွေးပွဲကျင်းပ

သနပ်ပင် စက်တင်ဘာ ၂၈

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ဆီထွက်သီးနှံ(ဆောင်းမြေပဲ) ပန်းတိုင်ရည်မှန်းချက် ပြည့်မီကျော်လွန်ရေးအတွက် မြေပဲစိုက် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းထက်က သနပ်ပင်မြို့နယ်အတွင်း ဆောင်းမြေပဲသီးနှံ ပန်းတိုင်ရည်မှန်းချက် ပြည့်မီကျော်လွန်ရေးအတွက် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်နှုန်းကောင်းမွန်ပြီး ဈေးကွက်ခိုင်မာ မှုရှိသည့် အထွက်နှုန်းကောင်း ဗီယက်နမ်မြေပဲမျိုးများ ဖြန့်ဖြူးဆောင် ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားကာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးက စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းဆွေးနွေး ခဲ့သည်။ ထို့နောက် ကဝမြို့နယ် သမန်းကန်ကျေးရွာမှ ဗီယက်နမ်မြေပဲ မျိုးစိုက်တောင်သူ ဦးကျော်ဇောက ဗီယက်နမ်မြေပဲမျိုးစိုက်ပျိုးခြင်း ဖြင့် လက်တွေ့အကျိုးဖြစ်ထွန်းမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးမှုအပေါ် တက်ရောက်လာသည့် မြေပဲစိုက်တောင်သူ များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

သနပ်ပင်မြို့နယ်အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ဆီထွက်သီးနှံ ဆောင်းမြေပဲ ဧက ၉၅၀၀ စိုက်ပျိုးနိုင်ရေး ရည်မှန်းချက်ထားရှိပြီး ပန်းတိုင်ရည်မှန်းချက် ပြည့်မီကျော်လွန်ရေးအတွက် မျိုးကောင်းမျိုးသန့် များအား တောင်သူများလက်ဝယ်သို့ ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**



# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် တရုတ်နိုင်ငံက တက်ကြွစွာဆောင်ရွက်မည်ဟု သမ္မတရှီကျင့်ဖျင် ပြောကြား

**ပေကျင်း စက်တင်ဘာ ၂၈**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် တရုတ်နိုင်ငံက တက်ကြွစွာဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ အထွေထွေအတွင်းရေးမှူး ရှီကျင့်ဖျင်က ပြောကြားသည်။

**အရေးကြီးသော မဏ္ဍိုင်ဖြစ်**


တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရို၏ သုတေသနဆွေးနွေးပွဲတွင် ရှီက ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သည် နိုင်ငံစုံစနစ်၏ အရေးကြီးသောမဏ္ဍိုင်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးစီမံခန့်ခွဲမှုအတွက် အရေးကြီးသော အဖွဲ့အစည်းဖြစ်ကြောင်း ရှီက ပြောကြားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် လွန်ခဲ့သည့် နှစ်ပေါင်း နှစ် ဆယ်ကျော်ကတည်းက အဖွဲ့ဝင်အဖြစ် စတင်ဝင်ရောက်ခဲ့သည့် တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် နိုင်ငံနှင့် ဒေသပေါင်း ၁၄၀ ကျော်အတွက် အဓိကကုန်သွယ်ဖက်နိုင်ငံ ဖြစ်လာပြီး ကမ္ဘာ့စီးပွားရေး တိုးတက်မှုအတွက် ပျမ်းမျှ ၃၀ရာခိုင်နှုန်းနီးပါး ပံ့ပိုးပေးခဲ့သည်ဟု ရှီက မှတ်ချက်ပြုပြောကြားခဲ့သည်။


**တန်ဖိုးထားဆောင်ရွက်**

တရုတ်နိုင်ငံသည် ကုန်သွယ်ရေးဆိုင်ရာ နိုင်ငံစုံ ဘုံအကျိုးစီးပွား ဖော်ဆောင်ရေးကို ကာကွယ်မည်ဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ပြုပြင်ပြောင်းလဲရေးကိုလည်း တန်ဖိုးထားဆောင်ရွက်မည်ဖြစ်ကြောင်း ရှီက ထပ်လောင်းပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# အိန္ဒိယနိုင်ငံ၏ မောင်းသူမဲ့ လကမ္ဘာစူးစမ်းရေးယာဉ် Chandrayaan-3 နှင့် အဆက်အသွယ်ပြတ်တောက်



**နယူးဒေလီ စက်တင်ဘာ ၂၈**

အိန္ဒိယနိုင်ငံရှိ သုတေသီများသည် နိုင်ငံ၏ မောင်းသူမဲ့ လကမ္ဘာစူးစမ်းရေးယာဉ် Chandrayaan-3 နှင့် ယခုလ အစောပိုင်းတွင် အဆက်အသွယ်ပြတ်တောက်ခဲ့ကြောင်း သိရသည်။

လကမ္ဘာစူးစမ်းလေ့လာရေးယာဉ် Chandrayaan-3 သည် ဩဂုတ်လတွင် လကမ္ဘာတောင်ဝင်ရိုးစွန်းအနီးသို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည့် သမိုင်းတစ်လျှောက် ပထမဆုံးသော လကမ္ဘာစူးစမ်းလေ့လာရေးယာဉ် ဖြစ်လာခဲ့သည်။

Chandrayaan-3 နှင့် ချိတ်ဆက်ထားသည့် ရိုဗာတစ်စင်းသည် မျက်နှာပြင်ပေါ်ရှိ မြေဆီလွှာနှင့် ကျောက်သားအစိတ်အပိုင်းများကို နှစ်ပတ်ကြာ စူးစမ်းလေ့လာခဲ့သည်။

လကမ္ဘာပေါ်တွင် ညအချိန်ရောက်သည့်အခါ ဆိုလာစွမ်းအင်သုံး လကမ္ဘာစူးစမ်းရေးယာဉ် Chandrayaan-3 သည် လုပ်ငန်းဆောင်ရွက်မှု ယာယီရပ်တန့်သည့်အခြေအနေသို့ရောက်ရှိသွားခဲ့သည်။ လကမ္ဘာပေါ်တွင် နေ့မှည၊ ညမှ နေ့သို့ ပြောင်းလဲသည့် ကြာချိန်သည် ရက်သတ္တနှစ်ပတ်ဖြစ်သည်။

အိန္ဒိယ အာကာသသုတေသနအဖွဲ့သည် ပြီးခဲ့သည့် စက်တင်ဘာ ၂၂ ရက်တွင် နေထွက်လာသည့်အခါ အဆိုပါ လကမ္ဘာစူးစမ်းရေးယာဉ် Chandrayaan-3 ပြန်လည်နိုးထလာမည်ဟု မျှော်လင့်ထားသော်လည်း လက်ရှိအချိန်အထိ အဆက်အသွယ် မရရှိသေးကြောင်း သိရသည်။

လ၏တောင်ဝင်ရိုးစွန်းအနီး အပူချိန်သည် နေဝင်ပြီးနောက် အနုတ် ၁၅၀ ဒီဂရီစင်တီဂရိတ်သို့ ကျဆင်းသွားနိုင်သည်။ Chandrayaan-3 စူးစမ်းလေ့လာရေးယာဉ်သည် အလွန်ကြမ်းတမ်းသော ပတ်ဝန်းကျင်ကို ခံနိုင်ရည်မရှိနိုင်ဟု စောင့်ကြည့်လေ့လာသူများက ဆိုသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံ၌ ရေကြီးရေလျှံမှုများဖြစ်ပွား



**ဟန္နိုင်း စက်တင်ဘာ ၂၈**

ဗီယက်နမ်နိုင်ငံတွင် ပြီးခဲ့သော ရက်အနည်းငယ်အတွင်း နိုင်ငံအလယ်ပိုင်းနှင့် အလယ်ပိုင်း၏ မြောက်ဘက်စွန်း ပြည်နယ်များတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

Nghe An ခရိုင်တွင် အိမ်ခြေ ၁၆၀၀ ကျော် ရေမြုပ်ခဲ့ပြီး အိမ်ခြေ ၈၀၀ ကျော်သည် အကူအညီများပြတ်တောက်ခဲ့ကြောင်း တာဝန်ရှိများက ပြောသည်။

မြို့တော် ဟန္နိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ ဒေသအနှံ့အပြားတွင် အချိန်အတန်ကြာ မိုးဆက်လက်ရွာသွန်းမည်ဖြစ်ပြီး မြေပြိုမှုများနှင့် မြစ်ရေလျှံမှုများ ဖြစ်ပွားနိုင်သဖြင့် ဒေသခံများကို သတိပြုနေထိုင်ကြရေးအတွက် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**



# ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းပေါင်း ၃၈၃၇၉ ခု ရှိ

**ဟန္နိုင်း စက်တင်ဘာ ၂၈**

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းပေါင်း ၃၈၃၇၉ ခု ရှိကြောင်း သိရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအတွက် တရားဝင်မှတ်ပုံတင်ထားသော မတည်ရင်းနှီးငွေပမာဏသည် အမေရိကန်ဒေါ်လာ ၄၅၅ ဒသမ ၀၆ ဘီလီယံခန့်ရှိကြောင်း စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာနအောက်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအေဂျင်စီက ယနေ့ သတင်းထုတ်ပြန်ခဲ့သည်။

စီမံကိန်းများ၏ စုဆောင်းငွေထုတ်ပေးမှုသည် ဒေါ်လာ ၂၈၉ ဒသမ ၉ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး စုစုပေါင်း စာရင်းသွင်းမတည်ရင်းနှီးငွေ၏ ၆၃ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

နိုင်ငံ၏ ကုန်ထုတ်လုပ်မှုနှင့် ပြင်ဆင်ထုတ်လုပ်ခြင်းလုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ၂၁ ခုအနက် ၁၉ ခုသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများဖြစ်ကြောင်း သိရသည်။

ကုန်ထုတ်လုပ်မှုနှင့် ပြင်ဆင်ထုတ်လုပ်ခြင်းဆိုင်ရာလုပ်ငန်းများတွင် အမေရိကန်ဒေါ်လာ ၂၇၃ ဒသမ ၉ ဘီလီယံနီးပါး သို့မဟုတ် စုစုပေါင်းအရင်းအနှီး၏ ၆၀ ဒသမ ၂ ရာခိုင်နှုန်းခန့် ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

တောင်ပိုင်း ဟိုချီမင်းစီးတီးသည် ဒေါ်လာ ၅၇ ဒသမ ၁၄ ဘီလီယံခန့်ဖြင့် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို ဆွဲဆောင်နိုင်ခဲ့သည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# တရုတ်-လာအို တိုင်းရင်းဆေးပညာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်

**ဗီယင်ကျန်း စက်တင်ဘာ ၂၈**

လာအိုကျန်းမာရေး တာဝန်ရှိသူများသည် ဗီယင်ကျန်းမြို့တွင် တရုတ်-လာအို ဆေးပညာနှင့် တိုင်းရင်းဆေးပညာ ပူးပေါင်းဆောင်ရွက်ရေးစင်တာကို စက်တင်ဘာ ၂၈ရက်တွင် ဖွင့်လှစ်ခြင်းဖြင့် တရုတ်နိုင်ငံနှင့် လာအိုအကြား ဆေးဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း လာအိုစီးပွားရေးနေ့စဉ်သတင်းစာက ပြောကြားသည်။



အဆိုပါစင်တာသည် သတင်းအချက်အလက် ဖလှယ်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ သုတေသနပရောဂျက်များဆောင်ရွက်ခြင်းနှင့် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းရေးရုံး ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစင်တာသည် လာအိုနိုင်ငံရှိ ဆေးဘက်ဆိုင်ရာနှင့် တိုင်းရင်းဆေး ဝန်ထမ်းများအတွက် သင်တန်းများ ပို့ချပေးမည်ဖြစ်ပြီး လာအိုနှင့် တရုတ်နိုင်ငံအကြား တိုင်းရင်းဆေးပညာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေကာ တိုင်းရင်းဆေးကုထုံးများကို ပိုမိုအသုံးပြုရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် အားပေးကူညီမည်ဖြစ်သည်။

**တိုးမြှင့်ဆောင်ရွက်သွားမည်**

စင်တာသည် တိုင်းရင်းဆေးများ အသုံးပြုခြင်းနှင့် ပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ပြီး လာအိုနိုင်ငံ၏ ယဉ်ကျေးမှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည့် သုတေသနလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ပုသိမ်မြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်

**ပုသိမ် စက်တင်ဘာ ၂၈**

ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်းရှိ ရွှေမြင်တင်၊ မြင်းချောင်း၊ ဖျိုက်ကုန်း၊ သူတော်ကုန်းကျေးရွာတို့တွင် ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများတက်ရောက်ကြသည်။

**ထောက်ပံ့ငွေများပေးအပ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေမြင်တင်ကျေးရွာအုပ်စု ရွှေမြင်တင်ကျေးရွာ ကျွန်းခြားကျောင်းတိုက် စိန္တိတာရာမကျောင်းဆောင်တွင်ပြုလုပ်သည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂) နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ငွေ



များနှင့် ကြက်ဥများ လက်ရောက်ပေးအပ်ခဲ့သည်။

အလားတူ ဇင်ပြွန်းကုန်းကျေးရွာအုပ်စု မြင်းချောင်းကျေးရွာ ရွှေဗောဓိမ္ဗာရုံတွင်လည်းကောင်း၊ မရမ်းချောင်းကျေးရွာအုပ်စု ဖျိုက်ကုန်းကျေးရွာ မင်္ဂလာသုခ ကျောင်းတိုက်တွင်လည်းကောင်း၊ ကမ်းနီဖျားကျေးရွာအုပ်စု သူတော်ကုန်းကျေးရွာ၊ စကောကရင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်ခန်းမဆောင်တို့၌ ပြုလုပ်သည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ငွေပေးအပ်ပွဲတို့သို့တက်ရောက်၍အမှာစကားများပြောကြားခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၏ ဇနီးများက ကိုယ်ဝန်ဆောင်မိခင် များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ထောက်ပံ့ငွေများနှင့် ကြက်ဥများ လက်ရောက်ပေးအပ်ခဲ့ကြသည်။

**ထောက်ပံ့ပေးအပ်**

ထိုသို့ ထောက်ပံ့ငွေပေးအပ်ခဲ့ရာ၌ ရွှေမြင်တင်ကျေးရွာအုပ်စုတွင် အသက်(၂) အောက် ကလေးငယ် ၇၅ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၂၉ ဦး၊ ဇင်ပြွန်းကုန်း ကျေးရွာအုပ်စုတွင် အသက်(၂)အောက် ကလေးငယ် ၁၀၃ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၅၉ ဦး၊ မရမ်းချောင်းကျေးရွာအုပ်စုတွင် အသက်(၂) အောက် ကလေးငယ် ၃၂ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၂၀၊ ကမ်းနီဖျားကျေးရွာအုပ်စုတွင် အသက်(၂) အောက် ကလေးငယ် ၃၈ ဦး၊ ကိုယ်ဝန်ဆောင် မိခင် ၃၀ တို့အားထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## မော်ဘီမြို့နယ်၌ ပညာရေး ငွေစု၊ ငွေချေး သမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာစည်းဝေး

**မော်ဘီ စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၌ ပညာရေး ငွေစု၊ ငွေချေး သမဝါယမအသင်း လီမိတက်၏၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မော်ဘီမြို့နယ် ပညာရေးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ ပညာရေးငွေစု၊ ငွေချေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးကြီးလှ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်ရွှေ၊ မြို့နယ်သမဝါယမအသင်း ဦးစီးအရာရှိ ဒေါ်နွေနွေအောင်တို့က အမှာစကားပြောကြားပြီး ပညာရေးငွေစု၊ ငွေချေး သမဝါယမအသင်းမှ အသင်းသားဒေါ်ခိုင်သီတာက ဘဏ္ဍာရေးရှင်းတမ်းများကို ရှင်းလင်းဖတ်ကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မော်ဘီမြို့နယ်သမဝါယမအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မော်ဘီမြို့နယ်အတွင်းရှိ ကျောင်းအုပ်ဆရာ ဆရာမကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝင်းဇော်(မော်ဘီ)**

## မြိတ်တက္ကသိုလ် ဘူမိဗေဒကျောင်းသားကျောင်းသူများ ကွင်းဆင်းဆောင်ရွက်

**မြိတ် စက်တင်ဘာ ၂၈**

မြိတ်တက္ကသိုလ် ဘူမိဗေဒဌာနက ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် ဘူမိဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ၏ ကွင်းဆင်းသင်တန်းကို စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၁၁ ရက်အထိ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပထော်၊ ပထက်ဒေသတွင် ကွင်းဆင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။

**သင်ကြားပို့ချ**

ဦးစွာမြိတ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက လိုအပ်သည်များကို မှာကြားသည်။ ထိုသို့ကွင်းဆင်းသင်ကြားရာတွင် မြိတ်တက္ကသိုလ် ဒုတိယ



ပါမောက္ခချုပ် ဒေါက်တာစိုးမိုးလွင်၊ ဘူမိဗေဒဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာ နန္ဒာမြင့်မောင်နှင့် တွဲဖက်ပါမောက္ခ ဦးမြင့်ဆွေတို့က ကျောင်းသား ကျောင်းသူများအား ဘူမိရုပ်သွင်ဆိုင်ရာ အချက်အလက်များ၊ ကျောက်လွှာအမျိုးအစားခွဲခြားခြင်းများ၊ ကျောက်လွှာများ တိုင်းတာမှုများ၊ သွင်ပြင်အနေထားဘူမိဗေဒ၊ စီးပွားဖြစ်ဘူမိဗေဒ၊ ထရဗေဒဆိုင်ရာများနှင့် ဒေသတွင်း လက်ရှိပင်လယ်ကမ်းရိုးတန်း အနည်ပို့ချမှုပုံသဏ္ဌာန်များနှင့် ဒေသတွင်း အသေးစား၊ အလတ်စား စီးပွားရေး အထောက်အကူပြုနိုင်သည့် ဘူမိဗေဒဆိုင်ရာ လုပ်ငန်းများ အကြောင်းကို အသေးစိတ် သင်ကြားပို့ချကြသည်။

ကွင်းဆင်း သင်တန်းသို့ ကျောင်းသားကျောင်းသူ ၇၀ နှင့် ကြီးကြပ်သူ ဆရာ ဆရာမ ရှစ်ဦးပါဝင် သင်ကြားလျက်ရှိကြောင်း သိရသည်။

**ကောင်းကောင်း(မြိတ်)**

■

## ပုသိမ်မြို့ မြို့ချောင်းကျေးရွာ ကုန်ထုတ်တံတားလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



**ပုသိမ် စက်တင်ဘာ ၂၈**

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် မြို့ချောင်းကျေးရွာ ကုန်ထုတ် တံတားလုပ်ငန်း ( ၂၅ ပေ x ၁၂ ပေ x ၁၀ ပေ) မွမ်းမံရန်ပုံငွေခွင့်ပြုငွေကျပ် ၄၉ ဒသမ ၁၅ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးဦးသန့်ဇော်လွင်က ကွင်းဆင်းစစ်ဆေးရာ ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးဌေးနိုင်(ဒုတိယညွှန်ကြားရေးမှူး)၊ ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးစီး အရာရှိ(နည်းပညာ) ဦးစိုးမိုးသူနှင့် တံတားကော်မတီဝင်များက လုပ်ငန်း ဆောင်ရွက်ချက်များကို လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **၂၂၂**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၈**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ခိုင်ကမ်းမြို့ အမှတ်(၃)ဆည်ကြီးချောင်းအတွင်း ငါးမျိုးစိုက်ထည့်

**ခိုင်ကမ်း စက်တင်ဘာ ၂၈**

ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့ အမှတ်(၃)ရပ်ကွက်ရှိ ဆည်ကြီးချောင်းအတွင်း ခိုင်ကမ်းမြို့ငါးလုပ်ငန်းစခန်းက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ငါးမြစ်ချင်းကောင်ရေ တစ်သိန်းသုံးသောင်းနှင့် ငါးခုံးမ ငါးသားပေါက်ကောင်ရေ တစ်သိန်း စုစုပေါင်း ငါးမြစ်ချင်းနှင့် ငါးခုံးမ ငါးသားပေါက်နှစ်သိန်းသုံးသောင်းအား ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ခိုင်ကမ်းမြို့ အုပ်ချုပ်ရေးမှူး ဦးထန်ဂင့်ဆုမ်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး ငါးသားပေါက်များကို ဆည်ကြီးချောင်း အတွင်းသို့ လွှတ်ပေးခဲ့ကြသည်။ ယခုကဲ့သို့ ခိုင်ကမ်းမြို့ ဆည်ကြီးချောင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းမှာ သုံးကြိမ်မြောက်ဖြစ်ကြောင်း ငါးလုပ်ငန်းစခန်း တာဝန်ခံ ဦးကျော်လှိုင်ဝင်းထံမှ သိရသည်။

**ရဲမြင့်အောင်**



# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ပအိုဝ်းရိုးရာပဲပုပ်လုပ်ငန်း

**ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ပအိုဝ်းတိုင်းရင်းသား အများစုနေထိုင်ရာ ဒေသဖြစ်သည်။ ပအိုဝ်းလူမျိုးအများစုနေထိုင်ရာ အိမ်တိုင်းအတွက် မရှိမဖြစ် စာသုံးလေ့ရှိသော ပအိုဝ်းပဲပုပ်ကို ကြိုက်နှစ်သက်သူများပြားလှသည်။**

**ခင်အိအိသန်း(ပြန်/ဆက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးဦးတည်ချက်များ ချမှတ်၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ၁၁၄ ခုကို မှတ်ပုံတင်ထားရှိပြီး ဒေသထွက်ကုန် မြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိရာ ပအိုဝ်းမူး အသင့်စားပဲပုပ်မှုန့်လုပ်ငန်းသည် ဒေသထွက်ကုန်တစ်ခုအဖြစ် ဆွဲဆောင်မှုရှိသည့် အသေးစားစက်မှုလုပ်ငန်း (MSME) အဖြစ် တိုးတက်လျက်ရှိသည့် ရိုးရာလုပ်ငန်းတစ်ခုလည်းဖြစ်သည်။

ပဲပုပ်မှုန့်သည် ပအိုဝ်းအိမ်တိုင်းတွင် စားသောက်မှုများပြားသည်။ ပဲပုပ်ကို မီးကင်ပြီးနောက် ငရုတ်သီး၊ ဆားစသည်တို့ထည့်၍ ပဲပုပ်ထောင်းကို နေ့စဉ်စားသောက်ကြသည်။

ပအိုဝ်းလူမျိုးတို့ ကြိုက်နှစ်သက်သည့် ပဲပုပ်ကို အသင့်စားသုံးနိုင်အောင် စိတ်ကူးမိပြီး မိမိတို့စားသုံးပုံကို မျှဝေပေးလိုသည့် အတွေးဖြင့် အသင့်စားသက်သတ်လွတ်ပဲပုပ်မှုန့်ကို ထုတ်လုပ်သွားဖို့ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပဲပုပ်လုပ်ငန်းရှင် ဒေါ်နန်းနုနုရီက ပြောသည်။

တစ်နိုင်တစ်ပိုင်လုပ်ငန်းမှ စတင်ခြင်းဖြစ်၍ လုပ်သားအင်အား အနည်းငယ်ဖြင့်သာ စတင်ဆောင်ရွက်ခဲ့သည်။ လုပ်ငန်းအတွက် လိုအပ်သည့် ပဲပုပ်စေ့နှင့် ငရုတ်သီးကို ကုန်ကြမ်းစိုက်ပျိုးရောင်းချရာ တောင်သူများထံမှ နှစ်စဉ်ဝယ်ယူခဲ့ပြီး ယခုနှစ်မှစ၍ ငရုတ်သီးကို ကိုယ်တိုင်စိုက်ပျိုးနိုင်ခဲ့သည်။

ပဲပုပ်မှုန့်ဖြစ်ရန် ပဲပုပ်ချပ်ကို ဦးစွာလုပ်ယူရသည်။ ပဲပုပ်စေ့ကို ရေဖြင့် နှစ်ကြိမ်ဆေးကြောသန့်စင်ပြီး နူးအိသွားအောင်ပြုတ်ရသည်။ ထို့နောက် ပဲပြုပ်ကို ခြင်းတောင်းထဲတွင် ရေစစ်ပြီးနောက် လေလုံအောင်ဖုံးအုပ်၍ နှစ်ရက်ခန့်နှပ်ထားရသည်။ နှပ်ထားသည့် ပဲပြုပ်များကို စက်နှင့်ကြိတ်၍ ပဲပုပ်တစ်ချပ်စာ အလုံးလေးများကို လုံးထားရသည်။ ပဲပုပ်လုံးလေးများကို လိုအပ်သည့် ပုံစံနှင့်အရွယ်အစားအတိုင်း လက်ဖြင့် ဖိ၍ ခြောက်သွေ့အောင်နေလှန်းပြီး ပဲပုပ်ချပ်ရအောင်ပြုလုပ်ရသည်။ ၎င်းပဲပုပ်ချပ်များကို မီးကင်ပြီးနောက် စက်ဖြင့် သုံးကြိမ်ကြိတ်၍ အမှုန့်ဖြစ်အောင်ပြုလုပ်ရသည်။ ရရှိလာသော ပဲပုပ်မှုန့်နှင့် ငရုတ်သီးမှုန့်များကို အိုင်အိုဒင်းဆားနှင့် အချိုးအစားညီမျှအောင်ရောနှော၍ အသင့်စားသက်သတ်လွတ်ပဲပုပ်မှုန့်ရရှိကြောင်းကို ပဲပုပ်လုပ်ငန်းရှင် ဒေါ်နန်းနုနုရီက ဆက်လက်ပြောသည်။




ပဲပုပ်မှုန့်ကို ထမင်းပူပူဖြင့် ရောနယ်၍ ပဲပုပ်ထမင်းသုပ်သုပ်၍လည်းကောင်း၊ ခရမ်းချဉ်သီးနှင့် ရောနှောချက်၍ ပဲပုပ်ချက်အဖြစ်လည်းကောင်း၊ ရေနွေး (သို့မဟုတ်)ရေအေးနှင့် ဖျော်စပ်၍ ဟင်းရည်အဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ်၏ ရိုးရာအစားအစာဖြစ်သည့် နမ့်ဖစ်ဖူး(ခေါ်) ပဲပုပ်အရည်ဖျော်အဖြစ်လည်းကောင်း၊ အချဉ်သီးတစ်မျိုးမျိုးနှင့် တွဲဖက်၍လည်းကောင်း စားသုံးသူများ ကြိုက်နှစ်သက်သည့် ပုံစံဖြင့် စားသုံးနိုင်ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။



အသင့်စားပဲပုပ်မှုန့်ကို စားသုံးသူများအဆင်ပြေစေရန် လူတိုင်းစားသုံးနိုင်သည့် ပဲပုပ်အစပ်နှင့် အစပ်ကြိုက်နှစ်သက်သူများအတွက် ငရုတ်သီးပိုမိုအသုံးပြုထားသည့်ငရုတ်မီးတောက်ပဲပုပ်မှုန့်ဟူ၍ နှစ်မျိုးခွဲခြား ထုတ်လုပ်ထားသည်။ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချရာတွင် ၁၀၀ ဂရမ်ပါဝင်သည့် ဘူးကြီးနှင့် ၇၀ ဂရမ်ပါဝင်သည့် ဘူးပုံစံနှစ်မျိုးဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည်။

ပအိုဝ်းမူးအသင့်စား ပဲပုပ်မှုန့်ကို အသေးစားစက်မှုလက်မှု လုပ်ငန်းအဖြစ် မှတ်ပုံတင်ဆောင်ရွက်လျက်ရှိပြီး ပအိုဝ်းလူမျိုးအများစုနေထိုင်ရာ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် တောင်ကြီးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး စားသုံးသူများ၏ အားပေးမှုကို ရရှိနေသည့် ပအိုဝ်းရိုးရာ ကုန်ထုတ်လုပ်ငန်းတစ်ခုဖြစ်ကြောင်း မျှဝေလိုပါသည်။

ပအိုဝ်းမူး အသင့်စားပဲပုပ်လုပ်ငန်းမှ ပဲပုပ်မှုန့်ထုတ်လုပ်သည့်အပြင် ပဲပုပ်စေ့ကြော်၊ ပဲပုပ်ချက်၊ ဆီတိုဟူးစသည့် ပဲပုပ်မှ အခြေခံထုတ်လုပ်သည့် လုပ်ငန်းများကို လုပ်ကိုင်၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပအိုဝ်းမူး အသင့်စားသက်သတ်လွတ်ပဲပုပ်မှုန့်လုပ်ငန်းသည် ပအိုဝ်းလူမျိုးများအတွက် လွယ်ကူစွာ စားသုံးနိုင်ရေးနှင့် ဒေသနေပြည်သူများအတွက် ရိုးရာလုပ်ငန်းအဖြစ် တစ်ဖက်တစ်လမ်းမှ အကျိုးပြုနေမည့် အသေးစားစက်မှုလက်မှု လုပ်ငန်းတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**☆ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အသေးစားစက်မှုလက်မှုလုပ်ငန်း ၁၁၄ ခုကို မှတ်ပုံတင်ထားရှိပြီး ဒေသထွက်ကုန်မြှင့်တင်ရေးကို ဆောင်ရွက်လျက်ရှိရာ ပအိုဝ်းမူး အသင့်စားပဲပုပ်မှုန့်လုပ်ငန်းသည် ဒေသထွက်ကုန်တစ်ခုအဖြစ် ဆွဲဆောင်မှုရှိသည့် အသေးစားစက်မှုလုပ်ငန်း(MSME)အဖြစ် တိုးတက်လျက်ရှိသည့် ရိုးရာလုပ်ငန်းတစ်ခုလည်းဖြစ်**

**☆ ပအိုဝ်းမူးအသင့်စား ပဲပုပ်မှုန့်ကို အသေးစားစက်မှုလက်မှုလုပ်ငန်းအဖြစ် မှတ်ပုံတင်ဆောင်ရွက်လျက်ရှိပြီး ပအိုဝ်းလူမျိုးအများစုနေထိုင်ရာ ဟိုပုံးမြို့နယ်၊ ဆီဆိုင်မြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် တောင်ကြီးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး စားသုံးသူများ၏ အားပေးမှုကိုရရှိနေသည့် ပအိုဝ်းရိုးရာ ကုန်ထုတ်လုပ်ငန်းတစ်ခုဖြစ်**





ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ် လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၃၁-၈-၂၀၂၃ ရက်နေ့မှအဆက်)

## ဝေရဉ္ဇာပြည်မှ ဗာရာဏသီပြည်သို့ ကြွတော်မူခြင်း

### နန္ဒိယဥပါသကာ ကျောင်းလှူဒါန်းခြင်း

ဘုရားရှင်သည် ဝေရဉ္ဇာပြည်တွင် တစ်ဆယ့်နှစ်ဝါမြောက် သီတင်းသုံးတော်မူပြီးနောက် ဝါကျွတ်သော် ရဟန်းငါးရာတို့နှင့် ခရီးဒေသစာရီကြွတော်မူလေသည်။ ထိုသို့ကြွတော်မူရာတွင် တစ်ဝါတွင်းလုံး အစာရေစာမွတ်ခြင်းဒုက္ခကိုခံရသော ရဟန်းတို့ ပင်ပန်းနွမ်းနယ်နေ၍ ၎င်းတို့အား ငဲ့ညှာတော်မူလေသည်။ ထို့ကြောင့် သောရေယျမြို့၊ သင်္ကဿမြို့၊ ကဏ္ဏကုဇ္ဇမြို့တို့သို့မဝင်ဘဲ လမ်းဖြောင့်အတိုင်း ပယာဂဆိပ်ကမ်းသို့ ဘုရားရှင်နှင့် ရဟန်းငါးရာတို့ တောက်လျှောက်ကြွတော်မူလေသည်။ ထိုဆိပ်ကမ်းမှ ဂင်္ဂါမြစ်ကိုကူးဖြတ်၍ ဗာရာဏသီပြည်သို့ကြွတော်မူခဲ့သည်။

ယင်းအချိန် ဗာရဏသီပြည်တွင် သဒ္ဓါအလွန်ပြည့်ဝသော "နန္ဒိယ"အမည်ရှိ သတို့သားသည် မိဘတို့ပေးစားသော ဦးရီးတော်၏သမီး ရေဝတီအမည်ရှိ အမျိုးသမီးနှင့် လက်ထပ်အိမ်ထောင်ပြု၍နေသည်။ ရေဝတီသည် ရတနာသုံးပါးကိုကြည်ညိုခြင်းမရှိ၊ လင်ခင်ပွန်းနှင့် ယောက္ခမများက ခိုင်း၍သာ ရဟန်းသံဃာတို့အား ဝတ်ကြီးဝတ်ငယ်ပြုလျက်ရှိပါသည်။

နန္ဒိယသည် မိဘများ ကွယ်လွန်သောအခါ အမွေပစ္စည်းဥစ္စာများရရှိလေသည်။ ၎င်းသည် သဒ္ဓါတရားထက်သန်သူဖြစ်သောကြောင့် တစ်နေ့သောအခါ ဘုရားရှင်ဟောသည့်တရားကို နာကြားရပြီး ကျောင်းဆောက်လုပ်လှူဒါန်းရခြင်း၏ အကျိုးကို မှတ်သားကာ ဗာရာဏသီပြည်အနီးရှိ ဣသိပတန မဟာဝိဟာရကျောင်းတိုက်အနီး၌ ကျောင်းဆောက်လှူဒါန်းသည်။ ကျောင်းဆောက်လုပ်ရာတွင် တိုက်ခန်းလေးသွယ် အထွတ်ပြာသာဒ်တို့ ခြယ်သ၍ ဆောက်လုပ်သည်။ ကျောင်းကြီးကိုလည်း ညောင်စောင်းစသည့် ပရိဘောဂများနှင့်တကွ ဘုရားရှင်အား ရေစက်ချလှူဒါန်းသည်။ ယင်းသို့ လှူဒါန်းသောကြောင့် သူ့အတွက် တာဝတိံသာ နတ်ပြည်၌ နတ်သမီးနှင့်တကွ ဘုံဗိမာန်ကြီး ပေါ်ပေါက်နေလေသည်။

အရှင်မဟာမောဂ္ဂလာန်သည် တစ်နေ့သောအခါ၌ တာဝတိံသာနတ်ပြည်သို့သွားသောအခါ ဤဗိမာန်ကြီးကို မြင်လေသည်။ ၎င်းက ဤဗိမာန်ကြီးသည် မည်သူ့အတွက် ပေါ်ပေါက်လာရသနည်းဟု မေးလေသည်။ နတ်သမီးများသည် ဤဗိမာန်မှ ဆင်းသက်လာပြီး ဣသိပတနအရပ်၌ ကျောင်းဆောက်လှူဒါန်းသော နန္ဒိယသူကြွယ်အတွက် ပေါ်ပေါက်ရခြင်းဖြစ်ကြောင်း လျှောက်ထားကြလေသည်။ သူတို့သည် နန္ဒိယ၏ အလုပ်အကျွေးများဖြစ်သည်ဟူ၍ လျှောက်ထားသည့်အပြင် နန္ဒိယ မရောက်သေး၍ ပျင်းရိကြောင်း အမြန်ရောက်အောင် မိန့်တော်မူပေးရန် လျှောက်ထားကြလေသည်။

အရှင်မဟာမောဂ္ဂလာန်သည် နတ်ပြည်မှ ဆင်းသက်လာပြီး ဘုရားရှင်အား ဤသို့လျှောက်ထားလေသည်။ မြတ်စွာဘုရား လူ့ပြည်၌ လူတို့ ကောင်းမှုပြုသည်ကိုပင် ဤသူတို့အတွက် နတ်ပြည်၌ နတ်စည်းစိမ်ကို ပြင်ဆင်ကောင်းပါ၏လောဟူ၍ မေးလျှောက်လေသည်။

ဘုရားရှင်က ချစ်သားမောဂ္ဂလာန် သင်သည် နတ်ပြည်၌ နန္ဒိယအတွက် ကြိုတင်ပြင်ဆင်ထားသောနတ်ဗိမာန်ကို မြင်လာသည်မဟုတ်လော။ အဘယ်ကြောင့် ဤမေးခွန်းကို ငါဘုရားအား မေးသနည်း။ နတ်တို့သည် လူ့ပြည်၌ ကုသိုလ်ကောင်းမှုပြု၍ နတ်ပြည်ရောက်လာမည့်သူတို့ကို ဆွေမျိုးရင်းချာကဲ့သို့ မြန်မြန်ရောက်လာသည်ကို အလိုရှိကုန်သည်။ ကောင်းမှုပြု၍ လူ့ပြည်၌ ကွယ်လွန်ပြီး နတ်ပြည်ရောက်ကြကုန်သူတို့အား သူ့ထက်ငါ ခရီးဦးကြိုလျက် ဝမ်းမြောက်စွာ ရှိကုန်သည်ဟူ၍ စကားပြေနှစ်ဂါထာဖြင့် ဟောကြားတော်မူလေသည်။

## ဗာရာဏသီပြည်မှ ဝေသာလီပြည်သို့ ကြွတော်မူခြင်း

### သုဒိန္နသူဌေးသားရဟန်းပြုခြင်း

ဘုရားရှင်သည် ဗာရာဏသီပြည်တွင် ချွတ်ထိုက်သူများ ချေချွတ်ပြီး ဝေသာလီပြည်သို့ ကြွတော်မူလေသည်။ ဝေသာလီပြည်သို့ ရောက်သောအခါ ဘုရားရှင်သည် မဟာဝုန်တော၌ စုလစ်မွမ်းချွန် အထွတ်တပ်ဆင်ထားသော ကူဋာဂါရကျောင်းတိုက်၌ သီတင်းသုံးတော်မူသည်။ ယင်းနေရာတွင်ပင် ဘုရားရှင်သည် ကျွတ်ထိုက်သူများအား တရားရေအေးတိုက်ကျွေး၍ ချေချွတ်တော်မူသည်။

ယင်းအချိန်၌ ဝေသာလီပြည်တွင် တန်ဆောင်မုန်းလပြည့် ကြတ္တိကာနက္ခတ်ပွဲတော်ကို ခြိမ့်ခြိမ့်သဲ ကျင်းပနေသည်။ ဝေသာလီပြည်အနီးရှိ ကလန္ဒမည်ရှိ ရွာမှ ကုဋေလေးဆယ်ကြွယ် သူဌေးသား သုဒိန္န(သုဒိန်)သည် အရောင်းအဝယ်ကိစ္စ၊ ကြတ္တိကာပွဲသဘင်၌ ပျော်ပါးလိုသောကြောင့် သူငယ်ချင်းတို့နှင့် ဝေသာလီမြို့သို့ ရောက်လာလေသည်။ ဝေသာလီမြို့သားတို့သည်လည်း နံနက်စာ စားသောက်၍ ဝတ်စားဆင်ယင်ကာ ပန်းနံ့သာများစွဲလျက် ဘုရားရှင်ထံသို့ သွားကြလေသည်။ ယင်းသုဒိန်သူဌေးသားသည် ၎င်းတို့ကို မြင်သောအခါ ဘယ်သို့သွားကြမည်ကိုမေးသည်။ ၎င်းတို့က အကြောင်းစုံပြောပြ၍ သုဒိန်က လိုက်ပါမည်ဟု ပြောပြီး လိုက်သွားလေသည်။

ဘုရားရှင်သည် ဗြဟ္မာမင်း၏အသံနှင့်တူသော အသံဖြင့် တရားကို ဟောကြားနေသည်။ ယင်းသို့ ဟောကြားသည့်အသံကိုကြားရ၍သုဒိန်သူဌေးသားသည်ဘုရားရှင်၏သာသနာတွင်နေလိုသောကြောင့် ဘုရားထံသို့ ရဟန်းပြုခွင့်တောင်းသည်။ ဘုရားရှင်က မိဘတို့၏ ခွင့်ပြုချက်မရှိဘဲ ရဟန်းဝတ်ပေးခွင့်မရှိဟု မိန့်ဆိုသောကြောင့် ကလန္ဒရွာ မိဘများရှိရာသို့ သုဒိန်သူဌေးသား ပြန်သွားသည်။

၎င်းသည် ရဟန်းဝတ်လိုသောကြောင့် မိဘများထံ ခွင့်ပြုချက်တောင်းခံသည်။ မိဘများကလည်း တစ်ဦးတည်းသောသားဖြစ်၍ ခွင့်မပြုကြောင်း ပြောသည်။ ၎င်းကလည်း သုံးကြိမ်တိုင် ပြောဆိုခွင့်ပြုချက် တောင်းခံသည်။ ခွင့်မပြုသောကြောင့် နေရာတွင် လှဲချ၍ စကားမပြောဘဲ အစာငတ်ခံလေသည်။ ယင်းသို့အားဖြင့် ခြောက်ရက်မြောက်သောနေ့တွင် မိဘများက သားကိုချစ်၍ အသက်သေမည်စိုးသဖြင့် ရဟန်းဝတ်ရန် ခွင့်ပြုလိုက်သည်။ သူသည် ဝမ်းသာအားရဖြင့် အစာများကို ပြန်စား၍ ဘုရားထံသို့သွားပြီး မိဘတို့၏ခွင့်ပြုချက်ရပြီဖြစ်၍ သူ့အား ရဟန်းဝတ်ခွင့်ပြုရန် တောင်းခံသည်။ ဘုရားရှင်ကလည်း ခွင့်ပြုလိုက်သဖြင့် ရဟန်းပြုပြီး ကလန္ဒသူဌေးသား အရှင်သုဒိန်ဟူ၍ အမည်ခေါ်တွင်လေသည်။

အရှင်သုဒိန်သည် ကိလေသာခေါင်းပါးစေသော ဓုတင်အကျင့်ကို ကျင့်ဆောင်လေသည်။ ဝေသာလီပြည်ရှိ သူ့မိတ်ဆွေများသည် သူ့ထံသို့ မကြာခဏလာကြသောကြောင့် မိတ်ဆွေများ လာရောက်ခြင်းကို ငြီးငွေ့၍ ဝဇ္ဇီတိုင်းအတွင်းရှိ ရွာငယ်တစ်ခုကို အမှီပြုပြီး တရားအားထုတ်နေလေသည်။

ထို့နောက် အရှင်သုဒိန်သည် ထိုအရပ်တွင် ငတ်မွတ်ခြင်းဘေးကြုံသောကြောင့် ဝေသာလီပြည်သို့ပြန်လာသည်။ မဟာဝုန်တောရှိ ကူဋာဂါရကျောင်းတိုက်၌ နေတော်မူသည်။ အရှင်သုဒိန်သည် သာသနာတော်၌ အလွန်ပျော်မွေ့ကာ လူ့ဘဝကို မနှစ်မြို့၍ ပြန်လှည့်မကြည့်ဘဲ နေလေသည်။ သူသည် သီလစင်ကြယ်၍ ကောင်းစွာ ကျင့်ကြံအားထုတ်နေသူဖြစ်သည်။

ယင်းသို့နေစဉ် မမျှော်မှန်းထားသည့် အခက်အခဲတစ်ခု ကြုံတွေ့ရသည်။ သူ့မိဘများသည် ကွယ်လွန်ခါနီးဖြစ်၍ သူတို့စီးပွားဥစ္စာများကို ဆက်လက်ထိန်းသိမ်းရန် သားမြေးလိုနေလေသည်။

ထို့ကြောင့် ၎င်းတို့သည် သားရှိရာ အရှင်သုဒိန်ထံလာ၍ အခွင့်အရေးတစ်ခု တောင်းခံလာပါသည်။ လူမထွက်လျှင်လည်းနေပါ၊ သူတို့အား အရှင်သုဒိန်၏မျိုးစေ့ကို ပေးသနားပါဟု မိဘများက လျှောက်ထားလေသည်။ ထိုအခါ၌ သူသည် ရဟန်းမလဲရလျှင် ပြီးရောဆိုပြီး မိဘများတောင်းဆိုသောအခွင့်အရေးကို လက်ခံလိုက်လေသည်။

ထို့နောက် မဟာဝုန်တောရှိ အရှင်သုဒိန်နေသည့်နေရာသို့ သူ၏ဇနီးဟောင်းမယားကို မိဘများစေလွှတ်ပြီး မေထုန်ပြုစေလေသည်။ ၎င်း၏အကြောင်းကို မူတည်၍ ဘုရားရှင်သည် "ပထမပါရာဇိကသိက္ခာပုဒ်ကြီး" ပညတ်လေတော့သည်။

အရှင်သုဒိန်သည် နောင်တကြီးစွာရ၍ သာသနာတော်၌ စိတ်ဆင်းရဲစွာ နေထိုင်ရလေသည်။

## ဝေသာလီပြည်မှ သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူခြင်း

### ဘုရားရှင်သည် အရှင်ရာဟုလာအား တရားများစွာ ဟောကြားခြင်း

ဘုရားရှင်သည် ဝေသာလီပြည် မဟာဝုန်တော၌ သီတင်းသုံးတော်မူပြီး ကလန္ဒသူဌေးသား သုဒိန်အား ချေချွတ်သည့်အပြင် ကျွတ်ထိုက်သူများကို ချေချွတ်၍ ရဟန်းအပေါင်းခြံရံလျက် ဒေသစာရီကြွတော်မူခဲ့သည်။ သာဝတ္ထိပြည်သို့ ရောက်သောအခါ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည်။

အရှင်ရာဟုလာသည် သက်တော် (၁၈) နှစ်ပြည့်ပြီးချိန် သာမဏေဝါသည် ၁၁ ဝါ ပြည့်ချိန်ဖြစ်သည်။ တစ်နေ့သောအခါ၌ ဘုရားရှင်သည် သားတော်အရှင်ရာဟုလာနှင့်အတူ သာဝတ္ထိမြို့ထဲသို့ ဆွမ်းခံကြွလေသည်။ ထိုအခါ သားတော်အရှင်ရာဟုလာသည် ဘုရားရှင်၏နောက်ပါးမှ ထက်ကြပ်မကွာ လိုက်ပါလျက် ဆွမ်းခံကြွလေသည်။

ဤမြင်ကွင်းကြည့်လျှင် ဘုရားရှင်နှင့် အရှင်ရာဟုလာတို့သည် သားအဖဖြစ်ကြ၍ ရုပ်ရည်တူ တင့်တယ်လှပသည်။ နှစ်ပါးစုံညီ လှပတင့်တယ်ဆွမ်းခံကြွနေစဉ် ရာဟုလာသည် သူ့ခမည်းတော်ဘုရားရှင်၏တစ်ကိုယ်လုံးကို ကြည့်ရှုပြီး မိမိကိုယ်ကိုလည်း ကြည့်ရှုသောအခါ သူလည်း လှပသည်၊ တင့်တယ်လှပသည်ဟု တွေးထင်၍ စဉ်းစားသည်။ အကယ်၍သာ ဘုရားရှင်သည် စကြာမင်းဖြစ်ပါက မိမိကလည်း သားကြီးဩရသဖြစ်မည်။ အိမ်ရှေ့အရာ၌ ထားတော်မူပေမည်။ ဤသို့ဖြစ်လျှင် ဇမ္ဗူဒိပ်ကျွန်း၌ တင့်တယ်လှပစွာဟူ၍ ကြံစည်ကာ ဂေဟာဿိတ (လူ့ဘောင်၌မှီသော) တဏှာလောဘများ ပွားများလေသည်။

> နန္ဒိယသည် မိဘများ ကွယ်လွန်သောအခါ အမွေပစ္စည်းဥစ္စာများရရှိလေသည်။ ၎င်းသည် သဒ္ဓါတရားထက်သန်သူဖြစ်သောကြောင့် တစ်နေ့သောအခါ ဘုရားရှင်ဟောသည့်တရားကို နာကြားရပြီး ကျောင်းဆောက်လုပ်လှူဒါန်းရခြင်း၏အကျိုးကို မှတ်သားကာ ဗာရာဏသီပြည်အနီးရှိ ဣသိပတန မဟာဝိဟာရကျောင်းတိုက်အနီး၌ ကျောင်းဆောက်လှူဒါန်းသည်။ ကျောင်းဆောက်လုပ်ရာတွင် တိုက်ခန်းလေးသွယ် အထွတ်ပြာသာဒ်တို့ခြယ်သ၍ ဆောက်လုပ်သည်။ ကျောင်းကြီးကိုလည်း ညောင်စောင်းစသည့် ပရိဘောဂများနှင့်တကွ ဘုရားရှင်အား ရေစက်ချလှူဒါန်းသည်။ ယင်းသို့လှူဒါန်းသောကြောင့် သူ့အတွက် တာဝတိံသာနတ်ပြည်၌ နတ်သမီးနှင့်တကွ ဘုံဗိမာန်ကြီး ပေါ်ပေါက်



(ဆက်လက်ဖော်ပြပါမည်)

## ကော့သောင်းခရိုင်ရှိ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းခွဲခန်းမ၌ လူငယ်စကားဝိုင်း ကျင်းပ



**ကော့သောင်း စက်တင်ဘာ ၂၈**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်းရှိ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းခွဲ ခန်းမ၌ ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်လူရွယ်များ ပေါ်ထွန်းလာကြစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကော့သောင်းခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာကြီး ဦးတင်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍လူငယ်စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး Grade-10မှ မောင်ကျော်မင်းသူက လူငယ်နှင့်မူးယစ်ဆေးဝါး၊ မသန္တာအေးက လူငယ်နှင့် ကျန်းမာရေး၊မောင်မြမှူးခင်က လူငယ်နှင့်အားကစား စသည့်အကြောင်းအရာများကို ဆွေးနွေးကြသည်။

ဆက်လက်ပြီး တက်ရောက်လာကြသည့်ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပြန်လည်ဆွေးနွေးပေးကြသည်။

ထို့နောက် ပါဝင်ဆွေးနွေးကြသည့်ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်များ ပေးအပ်ကြသည်။

ထို့နောက် ခင်းကျင်းပြသထားသောအသိပညာပေးနံရံကပ်စာစောင်များ၊ သုတ၊ရသစာအုပ်များကို တက်ရောက်လာကြသောကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **ခရိုင်( ပြန်/ဆက်)**

## မြေပုံမြို့ အခြေခံပညာအထက်တန်းကျောင်း (သဲတန်း)၌ လူငယ်စကားဝိုင်း ကျင်းပ

**မြေပုံ စက်တင်ဘာ ၂၈**

ရခိုင်ပြည်နယ် မြေပုံမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲ ၁ နာရီက အထက(သဲတန်း)ရှိ ပညာနေခြည်ခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက(သဲတန်း)မှ ကျောင်းအုပ် ဆရာကြီး ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီရိဟေမာန်က လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်နှင့် အောင်မြင်ရေးခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဦးစီးအရာရှိ ဒေါ်ခင်သီရိဟေမာန်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး အမေရိကန် စိတ်ပညာပါမောက္ခဝီလျှမ်းဂျိမ်း(စ်)၏ လူသည်မိမိစိတ်သဘောထားကို မိမိပြောင်းလဲလိုက်ခြင်းအားဖြင့် ဘဝတစ်ခုလုံးကို အမှန်တကယ်ပြောင်းလဲနိုင်ကြောင်း၊



မြေတောင် မြှောက်ပေးခြင်း အကြောင်းအရာ၊ ဘဝကို အောင်မြင်စွာတည်ဆောက်နိုင်ရမည်နှင့် လူများအပေါ်ကောင်းကျိုးပြုခြင်းမှတစ်ပါး အခြားမရှိကြောင်း၊ မာသာထရီဇာ၏ လူ့ဘဝဟူသော အကြောင်းအရာ အချက်အလက်တို့ကို အပြန်အလှန် ဆွေးနွေးကြသည်။ လူငယ်စကားဝိုင်းသို့ တက်ရောက်လာသူများက မိမိတို့ သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူ မြို့နယ် ဦးစီးအရာရှိ ဒေါ်ခင်သီရိဟေမာန်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် အခမ်းအနားတွင် ခင်းကျင်းပြသထားသော လူကုန်ကူးမှု တိုက်ဖျက်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဓာတ်ပုံပြပွဲနှင့် စာအုပ်/စာစောင်ပြပွဲများကို တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **မြို့နယ်( ပြန်/ဆက်)**



## ကွမ်းခြံကုန်းမြို့နယ်တွင် အယ်လ်နီညိုနှင့်မွေးမြူရေး အသိပညာပေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

**ကွမ်းခြံကုန်း စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အယ်လ်နီညိုနှင့် မွေးမြူရေးအသိပညာပေး ရက်သတ္တပတ် လှုပ်ရှားမှုကို ဝါးကောက်တောကျေးရွာ၌ စက်တင်ဘာ ၂၇ ရက်က ကျင်းပသည်။

ဦးစွာ ကွမ်းခြံကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဝတ်ရည်ဦးက အယ်လ်နီညိုကျရောက်မှုကြောင့် မွေးမြူရေးလုပ်ငန်းတွင် သက်ရောက်မှုအပေါ် တိရစ္ဆာန်အစာရေစာ ရှားပါးလာခြင်း၊ ကျန်းမာရေးထိခိုက်ခြင်း၊ တိရစ္ဆာန်များတွင် ထုတ်လုပ်မှုကျဆင်းခြင်း၊ ဇီဝကမ္မဗေဒဆိုင်ရာဆိုးကျိုးထိခိုက်မှုများဖြစ်လာနိုင်ခြင်း၊ မျိုးပွားထုတ်လုပ်မှုကျဆင်းခြင်းနှင့် အစာမှအသားပြောင်းနှုန်းညံ့ဖျင်းလာခြင်း၊ ကူးစက်ရောဂါများ၊အဆိပ်အတောက်ဖြစ်မှုများ မကြာခဏဖြစ်ပွားခြင်း၊ အသက်ဆုံးရှုံးမှု ကြုံရနိုင်ကြောင်း အသိပေးဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် ကွမ်းခြံကုန်းမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဝတ်ရည်ဦးက တိရစ္ဆာန်များအတွက် ဆေးဝါးများလှူဒါန်းပြီး တက်ရောက်လာသူများ၏ မေးမြန်းသည်များကို ပြန်လည်ဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

## ရေကြည်မြို့နယ်အတွင်းရှိ ကျုံတာ- ဇရပ်လှလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**ရေကြည် စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် New Empire Co., Ltd က တင်ဒါအောင်မြင်ဆောင်ရွက်သည့် ကျုံတာ- ဇရပ်လှလမ်း (လမ်းအရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒု ခုနစ် လက်မ ) ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ရန်ပုံ ငွေကျပ် ၁၉၁ ဒသမ ၁၈၅ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကွန်ကရစ်လမ်း ရေရှည်တည်တံ့စေရန်အတွက်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ယနေ့နံနက် ၁၁ နာရီက ဧရာဝတီတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ဦးထွေးကိုကို နှင့် ပုသိမ်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ ) ဦးကျော်သူမင်းတို့က



ကွင်းဆင်းစစ်ဆေး၍ အရည်အသွေးပြည့်မီစွာဖြင့် လုပ်ငန်းအချိန်မီပြီးစီးရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၃၀ -၉ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ်




(၃၉)တွင် လူကြီးသူမ၏ ဆုံးမစကားကို နာယူကာ လိုက်နာကျင့်သုံးသဖြင့် ကောင်းကျိုးများကို ခံစားခဲ့ရသော မောင်သစ္စာလေးအကြောင်းကို အတုယူဖွယ် တင်ဆက်ထားသည့် “မေတ္တာအစွမ်း”မျက်နှာဖုံးဇာတ်လမ်း၊ ကလေးများအား စီးပွားရေးနှင့် သက်ဆိုင်သည့် ဗဟုသုတတိုးပွားစေရန် ကုန်ထုတ်စွမ်းအားစုများအကြောင်းကို ဗဟုသုတ ရဖွယ်တင်ဆက်ထားသည့် “ကစ်ဒီနောမစ်” သုတဆောင်းပါးကဏ္ဍ၊ တစ်ဦးနှင့်တစ်ဦး ကိုယ်ချင်းစာတရားထားရှိကာ သင့်သင့်မြတ်မြတ် နေထိုင်ပါက နှစ်ဦးစလုံးတွင် အကျိုးရှိနိုင်ကြောင်းကို တင်ဆက်ထားသည့် “အမွေ” နှစ်မျက်နှာကာတွန်း၊ မနာလိုဝန်တိုစိတ်ထားကာ သူတစ်ပါးကို အကျိုးယုတ်စေရန် ဆောင်ရွက်ပါက မိမိတွင်လည်း ဒုက္ခနှင့် ကြုံတွေ့ရနိုင်ပုံကို တင်ဆက်ထားသည့် “မှန်ကန်သောဆုံးဖြတ်ချက်” ဝတ္ထုကဏ္ဍ၊ မည်သည့်အရာမဆို ကြိုးစားအားထုတ်ပါက အောင်မြင်နိုင်ကြောင်းကို ဖိုးတစ်တို၏သူငယ်ချင်းနှင့် ဥပမာပေးကာ တင်ဆက်ထားသည့် ကာတွန်းသန်းဦး၏ “ဖိုးတစ်တို” တစ်မျက်နှာကာတွန်း၊ သူတစ်ပါးပြောဆိုသည့်စကားများကို မှတ်သားကာ လိုက်နာရမည့် အချက်များရှိပါက လိုက်နာဆောင်ရွက်သင့်ကြောင်းနှင့် စုဆောင်းသင့်သည့် အရာများကို အချိန်မီ စုဆောင်းထားမှသာ မိမိလိုအပ်သော အချိန်တွင် ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ကြောင်း တင်ဆက်ထားသည့် ဆရာ ငွေးကျော်ဦး၏ “တန်ဖိုး” ပုံပြင်ကဏ္ဍ၊ ရွှေသွေးဂျာနယ် အထူးထုတ် (၂၀၂၄) တွင် ထည့်သွင်းဖော်ပြမည့် ကလေးလက်ရာ ပန်းချီပြိုင်ပွဲဝင်များကို ဖိတ်ခေါ်သည့် “ရွှေသွေးတို့လက်ရာ ပန်းချီများ ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း”ကဏ္ဍ၊ တစ်ဦးနှင့်တစ်ဦး မာနပြိုင်ကြရာမှ နှစ်ဦးစလုံး ပျက်စီးမှုများနှင့်သာ ကြုံတွေ့ခဲ့ရသော ပေါက်ဖတ်နှင့် နွားပျိုပေါက်လေးတို့အကြောင်းကို တင်ဆက်ထားသည့် “မာနကိုယ်စီ” နှစ်မျက်နှာကာတွန်း၊ မိမိကိုယ်တိုင် မကျွမ်းကျင်သည့်အလုပ်ကို လုပ်ဆောင်မိ၍ ဒုက္ခရောက်ခဲ့ရသော မျောက်လေး အကြောင်းကို ရေးဖွဲ့ထားသည့် “မျောက်လေးရဲ့ငါးဖမ်းခြင်း” နှစ်မျက်နှာကာတွန်း၊ အင်္ဂလိပ်စာသင်ခန်းစာအနေဖြင့် Reply Questions များအကြောင်းကို လေ့လာနိုင်ရန် ဥပမာဝါကျများဖြင့် တင်ဆက်ထားသည့် ဆရာKML ၏ “ရွှေသွေးအင်္ဂလိပ်သဒ္ဒါ”ကဏ္ဍ၊ ကလေးလက်ရာကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၂၅-၉-၂၀၂၃ ရက်မှအဆက်

ယင်းကဲ့သို့ ခင်သန်းဌေးတစ်ယောက် ဤနေရာသို့ ရောက်ရှိလာရခြင်းမှာလည်း ပုပ္ပားသို့ ပျော်ပွဲစားထွက်လာခြင်းဖြစ်သည်။ အမှန်မှာမူ ခင်သန်းဌေး အနေဖြင့် သည်ကဲ့သို့ ပျော်ပွဲစားမျိုးသို့ မလိုက်လိုလှပေ။ အငြိမ်းစား သစ်တောဝန်ထောက်သမီး သူငယ်ချင်းဖြစ်သူ စမ်းစမ်းမြင့်က အတင်းအဓမ္မ လာရောက်ခေါ်ငင်သဖြင့်သာ လိုက်လာရခြင်း ဖြစ်ပေသည်။ အစကမူ စမ်းစမ်းမြင့်တို့ အိမ်ထောင်စုနှင့်သာ ပျော်ပွဲစားထွက်ရလိမ့်မည်ဟု ထင်မိသည်။ ကားဖြင့် လမ်းရောက်သောအခါမှသာ အခြားသော အရာရှိကြီးငယ်တို့၏ အိမ်ထောင်စုကားများပါ လိုက်ပါလာကြသည်ကို တွေ့ရတော့သည်။ ထိုအထဲတွင် ဦးဝင်းအောင်၏ လင့်ရိုဗာကားကလေးမှာ ရှေ့ဆုံးမှပါလာသည်ကို တွေ့ရသည်။

ပုပ္ပားသို့ရောက်သောအခါတွင်လည်း အစိုးရ ဧည့်ရိပ်သာ မင်းတဲတွင် တည်းခိုကြကာ စားကြ၊ သောက်ကြ၊ ပျော်ကြ ပါးကြသည်။ ရေချိုးသူက စမ်းချောင်းတွင် ချိုးကြသည်။ အနီးပတ်ဝန်းကျင်ရှိ ဥယျာဉ်ခြံမြေများ၊ ကော်ဖီခြံများ၊ စပျစ်ခြံများသို့ လျှောက်လည်သူများကလည်း မိမိတို့အစုနှင့် မိမိ လည်ကြပတ်ကြသည်။

နေ့လယ်ပိုင်း စားချိန်သောက်ချိန် ရောက်သောအခါ ပါလာသည့် ထမင်းဟင်းများကို တစ်ဦးနှင့် တစ်ဦး လဲလှယ်ဖလှယ်ကြရင်း စားသောက်ကြသည်မှာလည်း ပျော်စရာကြီးပင်ဖြစ်နေသည်။ စားသောက်ပြီးသောအခါတွင်မူ အချို့သည် ဧည့်ရိပ်သာ မင်းတဲပေါ်တွင်လည်းကောင်း၊ အချို့သည် အေးမြလှသည့် သစ်ပင်ရိပ်များအောက်တွင်လည်းကောင်း ဝါသနာတူရာ အုပ်စုဖွဲ့၍ ဖဲရိုက်ကြသည်။ အချို့က ပါလာသည့် တယော၊ ဂီတာ၊ လက်ဆွဲဘာဂျာများဖြင့် တီးကြ၊ မှုတ်ကြ၊ ကကြ၊ ခုန်ကြသည်။

အားလုံးပါလာသည့် လူများကို ကြည့်လိုက်သောအခါ အရာရှိကြီးငယ်များ၊ ၎င်းတို့၏ဇနီးများဖြစ်သော မင်းကတော် စိုးကတော်များ၊ သားသမီးများ၊ တူ၊ တူမများ၊ ခယ်မများ၊ ညီများ စသည်တို့ဖြစ်၏။ ၎င်းတို့သည် ၎င်းတို့ကိုယ်ကို အထက်တန်းလွှာ လူကုံထံများဟု သတ်မှတ်ထားသော လူ့အသိုင်းအဝိုင်းမှ လူတန်းစားများသာ ဖြစ်လေသည်။

ခင်သန်းဌေးကမူ မိမိသိက္ခာကို အစစအရာရာ ထိန်းသိမ်း၍ နေတတ်သူပီပီ ခပ်အေးအေးပင် နေလေ့ရှိသည်။ အခြားသူများ ပျော်ပါးကခုန် ဖဲရိုက်နေကြသည်ကို အမှတ်မထင်သာ ကြည့်နေမိသည်။ ကြာတော့လည်း ဝါသနာစရိုက်ချင်းမတူ၍ ငြီးငွေ့လာသည်။ ထိုကြောင့် ခင်သန်းဌေးသည် အသိတစ်ယောက်ထံတွင် ပါလာသောမဂ္ဂဇင်းစာအုပ်ကို ငှားယူကာ ၎င်းတို့နှင့်ဝေးရာ ဆိတ်ငြိမ်၍ အေးမြသော ဤနေရာသို့ တစ်ယောက်တည်းထွက်လာမိသည်။

ခင်သန်းဌေးရောက်နေသောနေရာမှာ ၎င်းတို့နှင့် အတော်အလှမ်းကွာသောနေရာဖြစ်သဖြင့် ၎င်းတို့ထံမှ တီးမှုတ်သည့် အသံဗလံများကိုပင် မကြားရပေ။ တစ်ခါတစ်ရံ လေသင့်သည့်အခါမှသာ သဲ့သဲ့ကြားရ၏။ ထို့ပြင် စမ်းချောင်းဘေးရှိ သရက်ပင်ခြေရင်း သရက်မြစ်ပေါ်တွင်ထိုင်နေသော ခင်သန်းဌေးကို ဧည့်ရိပ်သာမင်းတဲဘက်ဆီမှလာလျှင် သရက်ပင်ကွယ်နေ၍လည်းကောင်း၊ သစ်ပင်ချုံနွယ်တို့က ကွယ်ကာနေ၍လည်းကောင်း ရုတ်တရက် မမြင်နိုင်ပေ။ ဤမှာဘက်သို့ လာကြည့်မှသာ မြင်တွေ့နိုင်ပေမည်။

ထိုကြောင့်လည်း ခင်သန်းဌေးသည် ၎င်းတို့နှင့် လွတ်ကင်းရာ ဤနေရာသို့ အေးအေးလူလူ လာရောက်လျက် ပါလာသည့်မဂ္ဂဇင်းစာအုပ်ကို ဖတ်ရှုနေမိသည်။ သို့တစေလည်း ပတ်ဝန်းကျင်၏ ဆိတ်ငြိမ်သာယာမှုက စာထဲတွင် စိတ်မဝင်စားနိုင်လောက်အောင် ဆွဲဆောင်မှုအားကောင်းလှသည်။ တောသဘာဝ၏ အလှအောက်ဝယ် ယစ်မူးနေမိသည်။

ထိုအခိုက် နောက်ဘက်ဆီမှ သစ်ကိုင်းကျိုးကျသံလိုလို၊ လူတစ်ယောက်၏ ခြေသံလိုလို ကြားလိုက်ရသဖြင့် ခင်သန်းဌေးသည် ဆတ်ခနဲလှည့်ကြည့်လိုက်မိသည်။ လား လား။ မိမိ မတွေ့လိုသူ ဦးဝင်းအောင်ကိုမှ တွေ့တွေ့ဆိုင်ဆိုင် လာတွေ့နေရသည်။ တခြားအချိန်များမှာမူ သူ့ကိုနှစ်ယောက်ချင်း မတွေ့မိအောင် တမင်တကာ ရှောင်ဖယ်၍နေခဲ့သဖြင့် လွဲခဲ့၏။ ယခုတော့မူ သူ့ကိုမတွေ့ချင်ပေမင့်လည်း ပြုံးဖြဲဖြဲ မျက်နှာကြီးဖြင့် လာတွေ့နေရသည်။ ဤကဲ့သို့နေရာမျိုးတွင် သူနှင့် နှစ်ယောက်ချင်းတွေ့ရခြင်းသည် မိမိအဖို့ အန္တရာယ်နှင့် ရင်ဆိုင်နိုင်သည်ဟူသော အသိက ဖျတ်ခနဲဝင်ရောက်လာသောအခါ ခေါင်းနားပန်းကြီးသွားလျက် ခင်သန်းဌေးသည် ဤနေရာမှ အမြန်ဆုံးထွက်ခွာသွားနိုင်ရန် ထိုင်နေရာမှ ရုတ်ခြည်းထလိုက်မိသည်။

"ဌေးရဲ့အပေါ် ကျွန်တော့်ရဲ့မေတ္တာစေတနာတွေ ဘယ်လောက်အစိုင်အခဲဖြစ်ပြီး ကြီးမားနေတယ်ဆိုတာတွေ၊ ကျွန်တော့်အသည်းတွေ ကျွမ်းခမန်း ချစ်ဝေဒနာခံစားနေရတယ်ဆိုတာတွေ ရင်ဖွင့်ပြလိုက်စမ်းချင်ပါရဲ့၊ အဟုတ် တကယ်ပါပဲ။ ဟင် ဟင် ဌေး"
ဦးဝင်းအောင်သည် ခင်သန်းဌေးနားသို့ မသိမသာတိုးကပ်လာကာ ခင်သန်းဌေး၏ လက်ကောက်ဝတ်နေရာကို ဆွဲကိုင်ထားရင်း သူ့ရင် ဖွင့်ပြနေသည်။ ခင်သန်းဌေးကလည်း သူ့လက်ကိုရုန်းဖယ်ရင်း ဦးဝင်းအောင်၏လက်ကို ဖြေနေသည်။ ခင်သန်းဌေးတစ်ကိုယ်လုံးသည် ဆတ်ဆတ်တုန်၍ ကြောက်စိတ်မွန်လာသည်။ ဤသည်ကိုပင် ဦးဝင်းအောင်က အခွင့်ကောင်းယူကာ . . .

သို့သော် နောက်ကျလေပြီတကား။

ဦးဝင်းအောင်ကား ချက်ချင်းဆိုသလိုပင် ရောက်ရှိလာတော့သည်။

"ဟင်၊ ဌေး ပြန်တော့မလား။ နေပါဦးလေ"

"ဟုတ်ကဲ့၊ ဌေး ပြန်တော့မယ်"

"နေပါဦး ဌေးရယ်။ အခုလို နှစ်ယောက်ချင်းတွေ့တဲ့အခါမှာ အေးအေးဆေးဆေး စကားပြောရအောင်လား"

ဦးဝင်းအောင်က ခယသံဖြင့် တောင်းပန်လိုက်သည်။

"အားနာပါတယ် ဦးဝင်းအောင်၊ ဌေးကို စိတ်မရှိပါနဲ့ ခွင့်ပြုပါနော်"

ခင်သန်းဌေးသည် ဖိနပ်ကိုစီးရင်း သွားဟန်ပြင်လိုက်သည်။

"ခဏလေးနေပါဦး ဌေးရဲ့။ ဘာလို့များ ကျွန်တော့်ကို သည်လောက်တောင် အတွေ့မခံဘဲ ရှောင်ပြေးနေတာလဲဗျာ။ ကျွန်တော်ဖြင့် ဌေးကို နှစ်ယောက်ချင်းတွေ့ဖို့အရေး နေ့စဉ်နဲ့အမျှ ချောင်းလိုက်ရတာ မောနေတာပဲ။ အိမ်လည်းအိမ်မှာမို့ လူမချောင်ဘူး။ ခုဒီမှာလည်း ဌေးတစ်ယောက်တည်း ဘယ်အချိန်ရှိမလဲလို့ စောင့်နေလိုက်ရတာ။ ဒီကြားထဲ ကျွန်တော် မျက်ခြည်ပြတ်သွားတာနဲ့ ဌေးတစ်ယောက် ပျောက်ပြေးတာပဲ။ ဌေးကိုရှာလိုက်ရတာအနံ့ပဲ။ ခုမှ ဌေးနဲ့လာတွေ့တယ်။ ခုတွေ့တော့လည်း ဌေးက ရှောင်ပြေးမယ်လုပ်တယ်။ ဒီလောက်ပဲ ကျွန်တော့်ကို မုန်းနေပြီလားဗျာ"

ဦးဝင်းအောင်၏အသံက ချွဲချွဲပျစ်ပျစ်နှင့် ခယသံ၊ ဝမ်းနည်းသံပါလှသည်။

"မုန်းလို့မဟုတ်ပါဘူး ဦးဝင်းအောင်၊ ဌေး ဒီမှာရောက်နေတာကြာလှပြီမို့ စမ်းစမ်းမြင့်တို့ စိတ်မချဘဲ လိုက်ရှာနေမစိုးလို့ပါ။ နောက်ကြုံမှပဲ အေးအေးဆေးဆေးစကားပြောကြတာပေါ့နော်။ ဌေး သွားပါရစေ"

"အို အို အို၊ နေပါဦး ဌေးရယ်။ ကျွန်တော်လည်း ဒီမှာရှိပြီးဟာပဲ။ ဘာမှ စိတ်မချစရာမရှိပါဘူး။ ကျွန်တော်လည်း ခုပြန်လိုက်မှာပဲ၊ နေပါဦး"

ခင်သန်းဌေးက သွားဟန်ပြင်လိုက်သည်နှင့် တစ်ပြိုင်နက် ဦးဝင်းအောင်သည် ပျာပျာသလဲဖြစ်သွားကာ ခင်သန်းဌေး၏လက်များကို ဆွဲကိုင်တားထားတော့မလို ဖြစ်နေသည်။ ထိုကြောင့်လည်း ခင်သန်းဌေးသည် အသာပင် ကိုယ်ရှိန်သတ်ထားလိုက်ရသည်။

"အင်း၊ ရှင်ကြီးတစ်ယောက် ဒီမှာရှိနေလို့ မနေဝံ့တာ" ဟု ခင်သန်းဌေးက သူ့စိတ်ထဲတွင် ဆိုလိုက်မိ၏။

"ကဲပါ ဌေးရယ်၊ နေပါဦး။ စကားလေး သုံးလေးခွန်းလောက်ပြောပြီး သွားကြတာပေါ့။ ဟုတ်ဖူးလား ဌေး။ ကဲပါ ပြန်ထိုင်ပါဦးဗျာ"

သည်မျှလောက်တားနေသည်ကို ဇွတ်ထွက်လာလျှင် ပို၍ဣန္ဒြေပျက်ရာကျမည် စိုးရသည်။ ခေတ္တခဏတော့ ထိုင်မှဖြစ်မည်ဟု ယူဆမိသော ခင်သန်းဌေးသည် ပတ်ဝန်းကျင်လူ့အခြေအနေများကို အကဲခတ်လိုက်ရင်း ထိုင်ချလိုက်သည်။ ခင်သန်းဌေး ထိုင်ချလိုက်သောအခါ ဦးဝင်းအောင်သည် ခင်သန်းဌေး၏ အနီးတွင်ကပ်၍ အမှတ်မထင် ထိုင်ချမိလိုက်သလိုလိုနှင့် ကပ်ထိုင်ချလိုက်သည်။

ဤသည်ကို ခင်သန်းဌေးအနေဖြင့် မကြိုက်ပေမင့်လည်း မသိလိုက်ဘာသာ နေလိုက်ရတော့သည်။ မိမိလက်ထဲရှိ မဂ္ဂဇင်းစာအုပ်ကိုသာ ဟိုလှန်သည်လှန်နှင့် လျှောက်လှန်နေရင်း ဖတ်မိဖတ်ရာ စာကြောင်းများကို စိတ်ထဲမှမပါဘဲ ဖတ်နေမိသည်။

"ဘယ်လိုလဲ ဌေး၊ ဌေးဆီကအဖြေကို ကျွန်တော် ကြားချင်လှပြီ။ အဲဒီအဖြေဟာလည်း ကျွန်တော့်ရဲ့ ဘဝကို ထာဝစဉ်ချမ်းမြေ့စေမယ့် အဖြေလို့ မျှော်လင့်ပါတယ် ဌေးရယ်။ ဟင်၊ ဒီအချိန်ဟာဖြင့် ကျွန်တော့်ကို အဖြေပေးသင့်ပြီလို့ ထင်ပါတယ် ဌေးရယ်"

ခင်သန်းဌေးက ရုတ်တရက် မည်သို့မျှ ပြန်မပြောပေ။ မော့၍လည်းမကြည့်ပေ။ အတန်ကြာမှသာ-

"ဌေးဟာ ဦးဝင်းအောင်ကို အစ်ကိုကြီးတစ်ယောက်လိုပဲ ခင်မင်ပါတယ်။ ဒီ့ထက်ပိုပြီး ခင်မင်လို့ မရသေးပါဘူး။ နောက်ပြီးတော့ ဌေး အိမ်ထောင်ပြုဖို့ စိတ်မကူးသေးပါဘူး"

"ဒီလောက်ပဲလား ဌေးရယ်။ အစ်ကိုကြီးတစ်ယောက်လို ခင်မင်တာမျိုးထက် မပိုနိုင်တော့ဘူးလား။ အိမ်ထောင်ပြုဖို့ စိတ်မကူးသေးဘူးဆိုတာကတော့ ကျွန်တော့်ကိုသက်သက် ဌေး လှည့်စားတာနဲ့ တူပါတယ်။ ဌေးရဲ့အသက်လည်း မငယ်တော့ပါဘူး ဌေးရယ်။ ဟင် ဌေး၊ ဘယ်လိုလဲ"

ဦးဝင်းအောင်က ခင်သန်းဌေးအား မေးနေသည့် အသံမှာ ဝမ်းနည်းလှိုက်လှဲ၍ ခံစားမှုရှိနေသော အသံမျိုးဖြစ်နေသည်။

ခင်သန်းဌေးသည် ခေါင်းကိုငုံ့၍ လက်ထဲမှ မဂ္ဂဇင်းစာအုပ်ကိုသာ အဓိပ္ပာယ်မရှိ လျှောက်လှန်နေသည်။

"ဘယ်လိုလဲ ဌေးရယ်။ ဌေးမှာ ကျွန်တော့်ထက် ချစ်ရမယ့်သူများ ရှိနေပြီလားဗျာ"

ဦးဝင်းအောင်သည် သူ့စကားကိုဖြတ်ကာ မေးနေသော်လည်း ခင်သန်းဌေးကမူ ယခုအထိ မည်သို့မျှ ပြန်မဖြေပေ။

"အင်း၊ ဒီလိုဆို ကျွန်တော့်ဘဝမှာတော့ ကြေကွဲဝမ်းနည်းလို့ဆုံးတော့မှာမဟုတ်တော့ပါဘူး။ အင်း၊ ခုနေသာ ကျွန်တော့်ရဲ့ရင်ကို ခွဲပြလို့ဖြစ်မယ်ဆိုရင် ဌေးရဲ့အပေါ် ကျွန်တော့်ရဲ့မေတ္တာစေတနာတွေ ဘယ်လောက်အစိုင်အခဲဖြစ်ပြီး ကြီးမားနေတယ်ဆိုတာတွေ၊ ကျွန်တော့်အသည်းတွေ ကျွမ်းခမန်း ချစ်ဝေဒနာခံစားနေရတယ်ဆိုတာတွေ ရင်ဖွင့်ပြလိုက်စမ်းချင်ပါရဲ့၊ အဟုတ်တကယ်ပါပဲ။ ဟင် ဟင် ဌေး"

ဦးဝင်းအောင်သည် ခင်သန်းဌေးနားသို့ မသိမသာတိုးကပ်လာကာ ခင်သန်းဌေး၏ လက်ကောက်ဝတ်နေရာကို ဆွဲကိုင်ထားရင်း သူ့ရင် ဖွင့်ပြနေသည်။ ခင်သန်းဌေးကလည်း သူ့လက်ကိုရုန်းဖယ်ရင်း ဦးဝင်းအောင်၏လက်ကို ဖြေနေသည်။ ခင်သန်းဌေး တစ်ကိုယ်လုံးသည် ဆတ်ဆတ်တုန်၍ ကြောက်စိတ်မွှန်လာသည်။

ဤသည်ကိုပင် ဦးဝင်းအောင်က အခွင့်ကောင်းယူကာ-

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

## မြန်မာအမျိုးသမီးအသင်း အာရှအားကစားပြိုင်ပွဲ အုပ်စုအဆင့်မှထွက်ခဲ့ရ

**ရန်ကုန် စက်တင်ဘာ ၂၈**

တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို စက်တင်ဘာ ၂၈ ရက်ကကျင်းပရာ မြန်မာအသင်းသည် ဖိလစ်ပိုင်အသင်းကို သုံးဂိုးပြတ်အရေးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

**အုပ်စုအဆင့်မှ ထွက်ခဲ့ရ**

မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းသည် နောက်တစ်ဆင့်တက်ရောက်ရေး အဆုံးအဖြတ်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ဂိုးပြတ်အရေးနိမ့်ခဲ့သည့် မြန်မာအသင်းသည် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ဖိလစ်ပိုင်အသင်းကလည်း လူစုံအသုံးပြုပြီး မြန်မာအသင်းကို ရင်ဆိုင်ခဲ့ရာ ၁၉ မိနစ်မှာပင် ဘိုဒင်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ထင်တိုင်းမပေါက်ဖြစ်ခဲ့ပြီး ပထမပိုင်းအပြီးတွင် ဖိလစ်ပိုင်အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးသွင်းယူနိုင်ရန် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့သော်လည်း ဖိလစ်ပိုင်အသင်းကသာ ဂိုးများထပ်မံသွင်းယူခဲ့သည်။ ဖိလစ်ပိုင်အသင်းအတွက် အနိုင်ဂိုးများကို ၆၀၊ ၆၃ မိနစ်တွင် ဆာရာက သွင်းယူခဲ့သည်။

အုပ်စု (E) အခြားပွဲတွင် တောင်ကိုရီးယားအသင်းက ဟောင်ကောင်အသင်းကို ငါးဂိုးပြတ်အနိုင်ရကာ ကိုးမှတ်ဖြင့် အုပ်စုပထမရရှိခဲ့ပြီး ဖိလစ်ပိုင်အသင်းက ခြောက်မှတ်၊ မြန်မာအသင်းက သုံးမှတ်၊ ဟောင်ကောင်အသင်းက သုံးပွဲစလုံးအရေးနိမ့်ကာ အမှတ်မရခဲ့ပေ။ အုပ်စုပွဲစဉ်များ အပြီးတွင် အုပ်စု (A) တွင် တရုတ်အသင်း၊ အုပ်စု (B)တွင် တရုတ် (တိုင်ပေ) အသင်း၊ အုပ်စု (C)တွင် မြောက်ကိုရီးယားအသင်း၊ အုပ်စု (D)တွင် ဂျပန်အသင်း၊ အုပ်စု(E)တွင် တောင်ကိုရီးယားအသင်းတို့ အုပ်စုပထမရကာ ကွာတားဖိုင်နယ် တက်ရောက်ခဲ့ပြီး အုပ်စုဒုတိယနေရာ အသင်းများအနက် အကောင်းဆုံးသုံးသင်းတွင် ဖိလစ်ပိုင်အသင်း၊ ထိုင်းအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ နောက်တစ်ဆင့်တက်ရောက်ခဲ့သည်။

**ကိုညီလေး**

## အာရှအားကစားပြိုင်ပွဲ သုံးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်းများ ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၂၈**

တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်း အားကစားနည်း သုံးယောက်တွဲပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**အောက်တိုဘာ ၅ ရက်မှ ၇ ရက် အထိ ကျင်းပမည်**

သုံးယောက်တွဲ ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း နှစ်သင်းစလုံး ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကို အောက်တိုဘာ ၅ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အမျိုးသားပြိုင်ပွဲတွင် မြန်မာအသင်းသည် ဖိလစ်ပိုင်၊ ထိုင်း၊ အိန္ဒိယအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းသည် တောင်ကိုရီးယား၊ ထိုင်းအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ မြန်မာအမျိုးသားအသင်းသည် အုပ်စုပွဲများအဖြစ် အောက်တိုဘာ ၅ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ပထမပွဲ၊ ထိုင်းအသင်းနှင့် ဒုတိယပွဲ၊ အောက်တိုဘာ ၆ ရက်တွင် အိန္ဒိယအသင်းနှင့် မြန်မာအမျိုးသမီးအသင်းသည် အုပ်စုပွဲများအဖြစ် အောက်တိုဘာ ၅ ရက်တွင် တောင်ကိုရီးယားအသင်း၊ အောက်တိုဘာ ၆ ရက်တွင် ထိုင်းအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်း အားကစားနည်းတွင် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုး ထည့်သွင်းကျင်းပလျက်ရှိပြီး မြန်မာအသင်းသည် သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ခြင်းမရှိဘဲ လေးယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပွဲစဉ်များတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

**ကိုညီလေး**

**❍ အာရှဖလားမှ**

ခြေစစ်ပွဲကစားမည့်ရက်နှင့် နီးကပ်နေပြီဖြစ်သောကြောင့် ကစားသမားများ ဒဏ်ရာပြဿနာနှင့် မကြုံတွေ့စေရန် ခြေစမ်းပွဲမကစားတော့ဘဲ လေ့ကျင့်မှုများပြုလုပ်သွားမည် ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြချုပ် ဘန်လက်ချာယိုဝန်သည် ထိုင်းခရီးစဉ်အတွက် ကစားသမား ၁၆ ဦး ခေါ်ဆောင်သွားပြီး ယင်းခရီးစဉ်အပြီးတွင် နှစ်ဦး လျှော့ချကာ အပြီးသတ်ကစားသမား ၁၄ ဦး ရွေးချယ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းတွင် ပဏာမကစားသမားများအဖြစ် ဂိုးသမား- ကျော်ထက်အောင်၊ ညီညီသန့်၊ ဇွဲပြည့်စုံ၊ ကစားသမား- မင်းခန့်၊ မျိုးမြင့်စိုး၊ ကိုကိုလွင်၊ ရှိုင်းထက်အောင်၊ မျိုးသက်အောင်၊ ညိမ်းမင်းစိုး၊ သိုင်ဖွဲ့အောင်၊ ကိုရန်ရွှေ၊ ထွင့်ဝေထွန်း၊ ဇော်ဖြိုးဦး၊ အောင်ဇင်ဦး၊ နိုင်လင်းထွန်းကျော်နှင့် လှိုင်မင်းဦးတို့ ပါဝင်ကြသည်။

အာရှဖလား ဖူဆယ်ခြေစစ်ပွဲကို အောက်တိုဘာ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ပါလက်စတိုင်း၊ တာဂျစ်ကစ္စတန်၊ အိန္ဒိယ အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

**❂ ကျောဖုံးမှ**

ကာဂျစ္စတန်အသင်းကို ငါးဂိုး-တစ်ဂိုး၊ အီရန်အသင်းက ထိုင်းအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဟောင်ကောင်အသင်းက ပါလက်စတိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ မြောက်ကိုရီးယားအသင်းက ဘာရိန်းအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ် တက်ရောက်သွားသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

---

### ဆောက်လုပ်ရေးဝန်ကြီးဌာန
### လမ်းဦးစီးဌာန၊ ပုသိမ်ခရိုင်
### ဧရာဝတီတိုင်းဒေသကြီး

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(တင်ဒါအမှတ်-၂/၂၀၂၃-၂၀၂၄)**

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်းရှိ မြို့နယ်/မြို့များမှ ၂၀၂၃ခုနှစ် ဧပြီလမှ ၂၀၂၄ခုနှစ်၊ မတ်လအထိ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ပြည်ထောင်စု/တိုင်းဒေသကြီး လမ်း/တံတားလုပ်ငန်းများမှ အသုံးပြုရန်လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား လမ်းအလိုက်၊ လုပ်ငန်းအလိုက် (လုပ်ငန်းခွင်အရောက်) (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို သက်ဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် (၂၈-၉-၂၀၂၃)ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

| | |
|---|---|
| **တင်ဒါပိတ်မည့် နေ့ရက်/အချိန်** | - ၄-၁၀-၂၀၂၃ရက် ညနေ ၃နာရီ |
| **တင်ဒါဖွင့်မည့်နေရာ** | - လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ပုသိမ်ခရိုင်၊ အမှတ်(၂)နယ်မြေ၊ ရွှေစည်းခုံဘုရားလမ်း၊ ပုသိမ်မြို့ |
| **တင်ဒါဖွင့်မည့် နေ့ရက်/အချိန်** | - ၅-၁၀-၂၀၂၃ရက် နံနက် ၁၀နာရီ |

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ပုသိမ်ခရိုင်**
**ဖုန်း-၀၄၂၂၁၀၉၉၊ ၀၉-၇၇၉၆၂၈၂၇၀**

### အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

အဖ ဦးဒနိုင်ဂမ်အောင်၏ သမီး မြစ်ကြီးနားမြို့၊ အထက (မန်ခိန်)ကျောင်း၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်တွင် ခုံအမှတ် (ကမ-၂၀၇၉)ဖြင့် ဖြေဆိုခဲ့သော မခါးရာ၏ အမည်မှန်မှာ မဒနိုင်ခါးရာ [၁/ဝမန(နိုင်) ၀၉၀၅၁၅] ဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ် အမှန်မှာ ၅-၈-၁၉၈၉ ဖြစ်ပါသည်။

### "ပြင်ဆင်ဖတ်ရှုပါရန်"

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်၊ ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၈)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ရန်ကုန်မြို့၊ သဃ်န်းကျွန်း မြို့နယ်၊ လူနေရပ်ကွက်(ဆ/က)၊ သမာဓိ(၅)လမ်း၊ မြေကွက်အမှတ် (၅၅)ဟု မှားယွင်းဖော်ပြခဲ့ပြီး အမှန်မှာ မြေကွက် အမှတ်(၅၈၅)ဟုသာ ပြင်ဆင်ဖတ်ရှုပေးပါရန်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သက်ထားဆွိ**
**LLB.D.I.L,Dip in Eng**
**အထက်တန်းရှေ့နေ**
**(စဉ်-၄၂၈၉၉)**
**09-972734996, 09-791454531**

### တစ်ဦးတည်း ဖြစ်ပါကြောင်း

မိတ္ထီလာမြို့နယ်၊ တောမကျေးရွာ၊ အမှတ်(၄)နယ်မြေနေ မပွင့်ပွင့်လွင် [၉/မထလ(နိုင်)၃၈၆၆၃၇]၏ဖခင် ဦးတင့်လွင်ဦးနှင့် ဦးတင့်လွင်[၉/မထလ (နိုင်) ၀၈၅၁၁၀]တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

